မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်၊ ၂၀၀၉ ခုနှစ်၊ မေ ၃ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၁၀)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပိုလန်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၃

၂၀၀၉ ခုနှစ် မေ ၃ ရက်တွင် ကျရောက်သည့် ပိုလန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပိုလန်သမ္မတနိုင်ငံ သမ္မတ မစ္စတာလက်(ချ်)ကာဇင်(န်)စကီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပိုလန်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၃

၂၀၀၉ ခုနှစ် မေ ၃ ရက်တွင် ကျရောက်သည့် ပိုလန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ပိုလန်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဒေါနယ် တာ့စ်(ခ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဖျာပုံခရိုင်အတွင်း တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်သည့် လိပ်ချောင်း၊ ကန်ဒုံကနီ၊ ရေကျော်ကြီးအိမ်ရာများ

ဧရာဝတီတိုင်း ဖျာပုံခရိုင် အမာမြို့ လိပ်ချောင်းကျေးရွာ ပြန်လည်တည်ဆောက်ထားမှု မြင်ကွင်း တစ်စိတ်တစ်ဒေသကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - ကျော်မြင့်သန်း(လမ်းမတော်)
စာမျက်နှာဖွဲ့စည်းမှု - အေးကြည် (မြန်မာ့အလင်း)

ရန်ကုန် မေ ၂

ကျယ်ဝန်းသော ရွာလယ်လမ်းမ လမ်းတစ်ဖက်တစ်ချက်၌ ပုံစံတူဆောက်လုပ်ထားသော နေအိမ်များ၊ အိမ်ရှေ့မျက်နှာစာများတွင် စိုက်ပျိုးထားသည့် ပန်းအလှပင်များက လေအသွဲ့တွင် ယိမ်းယိမ်းနွဲ့နွဲ့။ ဖျာပုံမြို့မှ နံနက်စောစော ထွက်ခွာခဲ့သော မြန်မာ့အလင်းသတင်းအဖွဲ့ ကဒုံကနီကျေးရွာအနီး တည်ဆောက်ထားသည့် ကဒုံကနီအိမ်ရာသို့ ရောက်ရှိသည်နှင့် မြင်တွေ့လိုက်ရသည့်မြင်ကွင်းပင်....။

စာမျက်နှာ ၉ ကော်လံ ၁ ●

ဖျာပုံခရိုင်အတွင်း ပြန်လည်တည်ဆောက်ထားသော ကျေးရွာအချို့၌ သောက်သုံးရေသန့်ပြုလုပ်ရန် ချောင်းရေများ အနည်ထိုင်စေသည့် ရေသိုလှောင်ကန်များကို ဤသို့တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

3-5 (01).pmd 1 5/3/2009, 2:36 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မေ ၃ ရက်)

ပြည်ထောင်စုတစ်ဝန်း လမ်းတံတား၊ ဆည်တမံအခြေခံကောင်းများ တိုးချဲ့တည်ဆောက် ရေရှည်တည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

ရန်ကုန်-မော်လမြိုင်-ရေး-ထားဝယ်-မြိတ်-ကော့သောင်းလမ်းပေါ်ရှိ ရေပုံးတံတားဖွင့်ပွဲကို ဧပြီလ ၂၇ရက်နေ့က အဆိုပါ တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပခဲ့သည်။

ရေပုံးတံတားသည် တနင်္သာရီတိုင်းအတွက် အရေးပါသော တံတားတစ်စင်းဖြစ်ပြီး ယခုကဲ့သို့ တံတားများ တည်ဆောက်နိုင်ခြင်းသည် နိုင်ငံတော်၏ အဆင့်အတန်း မြန်မာအင်ဂျင်နီယာများ၏ အတတ်ပညာစွမ်းနှင့် တီထွင်ကြံဆမှု၊ တိုင်းရင်းသားပြည်သူများ၏ ညီညွတ်မှုနှင့် ကြိုးပမ်းအားထုတ်မှုတို့ကို မှတ်ကျောက်တင်နိုင်ခဲ့သည်။

တံတားဖွင့်လှစ်လိုက်ခြင်းကြောင့် ထားဝယ်ခရိုင်အတွင်း၌ တနင်္သာရီတိုင်းအတွင်းရှိ စိုက်ပျိုးရေး အခြေခံစက်မှုလုပ်ငန်းများ၊ ရေလုပ်ငန်းများနှင့် အိမ်တွင်းစက်မှုလုပ်ငန်းများသည် ကုန်ကြမ်းသယ်ယူခြင်း၊ ကုန်ချောပို့ဆောင်ခြင်းများကို ကုန်ကျစရိတ် သက်သာလွယ်ကူစွာ ပို့ဆောင်သယ်ယူနိုင်ပြီ ဖြစ်သည်။

ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအတွက် အချိန်တိုအတွင်း ခရီးပေါက်နိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိလာခဲ့ပြီ ဖြစ်သည်။

ရေပုံးတံတားသည် နိုင်ငံတော်က တည်ဆောက်ခဲ့သည့် ပေ ၁၈၀နှင့်အထက် တံတားများတွင် ၂၂၄စင်းမြောက်ဖြစ်ပြီး တနင်္သာရီတိုင်းအတွက် အရှည်ပေ ၁၈၀နှင့်အထက် ကိုးစင်းမြောက်တံတား ဖြစ်သည်။

ဤတံတားကြီးကြောင့် ပြည်မမှနေပြီး တနင်္သာရီတိုင်း ကော့သောင်းအထိ သွားလာနိုင်မည်ဖြစ်၍ လမ်းပန်းဆက်သွယ်မှု အချိန်တိုအတွင်း ကူးသန်းသွားလာနိုင်မည် ဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်က ဆောင်ရွက်ပေးခဲ့သော လမ်းတံတား၊ ဆည်မြောင်းတာတမံနှင့် ရေထိန်းတံခါးကဲ့သို့သော ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို ဒေသခံတိုင်းရင်းသား ပြည်သူများက စနစ်တကျသုံးစွဲပြီး နောင်သားစဉ်မြေးဆက် အသုံးပြုနိုင်ရန် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၅-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလသုတ်
၅:၁၅ MRTV-4 နံနက်ခင်းသတင်း
၆:၀၀ **နေမဝင်ခင်ရိက္ခာပြင်** တရားတော် (ဆရာတော် အရှင်အာစာရာလင်္ကာရ)
၇:၀၀ ရတနာသိုက်ရှာပုံတော် (အပိုင်း-၂၃)
၇:၃၀ The Jetsons
၈:၀၀ MRTV-4 နံနက်ခင်းသတင်း
၈:၄၅ Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)]
၉:၃၅ မြေပြင်ရှခင်းဖန်ဆင်းခြင်း (အပိုင်း-၂)
၉:၅၅ Myanmar Video Rhythm
၁၀:၁၅ **ကြိုတင်ပြင်ဆင်ဆောင်ရွက်လျှင်၊ အန္တရာယ်ကင်းစင်မွေးမိခင်** အကယ်ဒမီ ထွန်းထွန်းဝင်း၊ အကယ်ဒမီ မေသန်းနု၊ ဖိုးသောကြာ၊ ပပဝင်းခင် [ဒါရိုက်တာအောင်မိုး(ပဲရစ်)]
၁၀:၃၀ Fashion Guide (အလှအပနှင့်နွေရာသီ)
၁၁:၀၅ ကျန်းမာရေးအတွက် ALPHA ရေနွေးချိုးစက်
၁၁:၂၅ စားဖွယ်စုံလင်ဒေသအစားအစာ အစီအစဉ် (မြိတ်ကတ်ကြေးကိုက်နှင့် မြိတ်ငါးပိသုပ်ပြုလုပ်ပုံ)
၁၁:၄၅ ခေတ်မီပျားမွေးမြူရေးလုပ်ငန်း (ပျားနို့ထုတ်လုပ်ခြင်း)
၁၂:၀၅ Internet Directory (99 Cyber Internet Cafe)
၁၂:၁၅ တို့ကမ္ဘာမြေသာယာဖို့ ကြွပ်ကြွပ်အိတ်ကို ငြင်းပယ်စို့
၁၂:၃၅ တေးဂီတအစီအစဉ်
၁:၀၀ **နေမဝင်ခင်ရိက္ခာပြင်** တရားတော် (ဆရာတော် အရှင်အာစာရာလင်္ကာရ)
၁:၄၅ ထင်ရှားတည်ရှိမြင်းမထိ
၂:၀၀ IT Talk (IT For Music)
၂:၂၀ Beautiful and Dawntless Females
၃:၁၀ တေးဂီတအစီအစဉ်
၃:၃၀ Cartoon Show Time (KUNG FU PANDA)
၄:၀၅ ဧည့်ဝတီရဲ့တေးနရီ ရသစုံလီရရိုင်စာပီ
၄:၂၅ VJ Choice
၄:၅၀ သီးနှံစိုက်ပျိုးအထွက်တိုး မတ်ပဲအထွက်တိုးစေရာ စိုက်ပျိုးနည်းပညာ
၅:၀၀ လုံခြုံစိတ်ချ မိခင်ဘဝ(ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်)
၅:၂၀ Sports World
၅:၄၅ Internet Directory (99 Cyber Internet Cafe)
၆:၀၀ MRTV-4 ညနေခင်းသတင်း
၆:၁၅ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ညွန့်ညွန့်စိန်)
၆:၃၅ Hotel Guide(The Strand)
၇:၀၅ International Video Topics (လေယာဉ်မတော်တဆ ဖြစ်စဉ်များ၏နောက်ကွယ်၌)
၇:၃၅ အံ့ဖွယ်လေ့လာအသံတုပညာ (အသံတုရဲမြင့်လေး)
၈:၀၀ MRTV-4 သတင်း
၈:၁၅ Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)]
၉:၀၅ တို့ကမ္ဘာမြေသာယာဖို့ ကြွပ်ကြွပ်အိတ်ကိုငြင်းပယ်စို့
၉:၂၀ သီးနှံစိုက်ပျိုးအထွက်တိုး မတ်ပဲအထွက်တိုးစေရာ စိုက်ပျိုးနည်းပညာ
၉:၃၀ ကဏ္ဍစုံလင် အားကစားအစီအစဉ် Sunderland Vs Everton (LIVE)
၁၁:၃၀ ရတနာသိုက်ရှာပုံတော် (အပိုင်း-၂၃)
၁၂:၀၀ Beautiful and Dawntless Females
၁၂:၄၅ **ကြိုတင်ပြင်ဆင်ဆောင်ရွက်လျှင် အန္တရာယ်ကင်းစင်မွေးမိခင်** အကယ်ဒမီ ထွန်းထွန်းဝင်း၊ အကယ်ဒမီ မေသန်းနု၊ ဖိုးသောကြာ၊ ပပဝင်းခင် [ဒါရိုက်တာအောင်မိုး(ပဲရစ်)]
၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League ပွဲစဉ်(၃၅) ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၅၅	Liverpool-Newcastle	ESPN (Live)
၉:၂၅	Sunderland-Everton	ESPN (Live)

မြဝတီရုပ်မြင်သံကြား

၃-၅-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်သီချင်း
၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **ဂြိုဟ်ကမ္ဘာမှသတ္တဝါများ** (အပိုင်း-၂၁)
၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ချစ်သူဝေးဝေး**
၁၃:၃၀ ၆။ ကျန်းမာသုတ
၁၃:၄၅ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်**(အပိုင်း-၄၄)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၄၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၅၀ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၉။ နိုင်ငံတကာသတင်း
၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၁။ လျှပ်တစ်ပြက်
၆:၄၅ ၁၂။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၄၆)
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ပဟေဠိနန်းတော်
၁၈။ ကျန်းမာသုတ
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၄၉)

သံတွဲမြို့ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ်(၆၈)

သစ်တောရေးရာ ဝန်ကြီး ပိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဧပြီ ၂၇ရက်က သံတွဲမြို့ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ်(၆၈) သစ်စက်ကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရမ်းဗြဲမြို့နယ် ဝန်ဖိုက်ကြိုးဝိုင်း သစ်မျိုးစုံဒီရေတော စိုက်ကွက် ဧက၅၀သို့ ရောက်ရှိပြီး ဒီရေတော စိုက်ကွက်နှင့် ဒီရေတောကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ကျောက်ဖြူမြို့နယ် စနဲကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် စနဲကျေးရွာ လောက်ပိတ်ဆည် ရေပိုလွှဲ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ကျေးရွာရပ်မိရပ်ဖများအား တွေ့ဆုံ၍ ကျောက်ပြောက်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း တိုးချဲ့ကျောင်းဆောင် ဆောက်လုပ်ထားမှုနှင့် မင်းပြင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင် ပြုပြင်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ဝန်ကြီးသည် ဧပြီ ၂၈ရက် နံနက်ပိုင်းတွင် ကျောက်ဖြူမြို့ ငလပွကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင် ပြုပြင်ထားမှု၊ ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ပြီးစီးမှု၊ ကျေးရွာသောက်ရေကန် တူးဖော်ထားရှိမှုနှင့် ကျောက်ဖြူမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း အားကစားရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် မြန်မာ့အသံ

(တနင်္လာနေ့-နံနက်+နေ့လယ်+ည)

(၄-၅-၂၀၀၉)

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇:၀၅ တရားတော် (အင်္ဂုလိမာလသုတ်+ ဗောဇ္ဈင်္ဂသုတ်) ဓမ္မပူဇာတေးပဒေသာ
၇:၃၀ (၃၈)ဖြာမင်္ဂလာ
၇:၃၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်း
၈:၁၀ နံနက်ခင်းတေးပဒေသာ
၉:၀၀ အစီအစဉ်ပြီး၏။
၁၀:၀၀ အမှတ်တရတေးလက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၀:၄၅ လယ်ယာစီးပွား (ငွေလျှံလိုလျှင် ဖရဲစိုက်)
၁၀:၅၅ တေးသီချင်း
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ မေတို့တွက်တာ အလှကမ္ဘာ (အသားအရေကို ဘယ်လိုထိန်းသိမ်းမလဲ)
၁၁:၂၀ နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၀ သိပ္ပံပညာသိကောင်းစရာ (ကမ္ဘာနှင့်စကြဝဠာ)
၁၁:၄၀ တေးပဒေသာ
၁၂:၀၀ စံတော်ချိန် အလုပ်အကိုင်အခွင့်အလမ်း (ရထားပို့ဆောင်ရေးဝန်ကြီးဌာန)
၁၂:၃၀ အားကစားသတင်းပဒေသာ
၁၂:၄၀ နေ့လယ်ခင်းတေးပဒေသာ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ တေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး (မေတ္တာကမ္ဘာ)
၁၆:၃၀ သောတရှင်လိုရာတေး
၁၇:၀၀ သန့်စွမ်းကျန်းမာကိုယ်ခန္ဓာ (ကိုယ်လက်လှုပ်ရှားမှု)
၁၇:၁၀ ဇာနည်စစ်သည်တေးပန်းချီ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ ညနေခင်းတေးပဒေသာ
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ တေးချစ်သူရွေးသီတေးပန်းချီ တေးပဒေသာ
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၀၅ ရေဒီယိုအတိတ်တေးအရိပ် နိုင်ငံရေးဦးတည်ချက်
၁၉:၂၅ ပြုံးပဒေသာ
၁၉:၄၀ တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၂၀ ချမ်းမြေ့သာယာသီရိဂေဟာ (ကလေးတွေကိုမိဘတွေကိုယ်တိုင်ဖျက်ဆီးရာရောက်တတ်သလား) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၂၁:၁၀ သီချင်းကြီး လူမှုရေးဦးတည်ချက်
၂၁:၁၅ ခံစားနားဆင်မြန်မာတေးသံစဉ်
၂၁:၃၅ တေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

မီးသတိပြု

စည်ပင်သာယာရေး ဦးစီးဌာန (ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့် ဧပြီ ၁ရက်က တောင်ကြီးမြို့ မြို့မရပ် မြောက်ကျောင်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးရာ ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေနှင့် တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်တို့ ရှင်းလင်းပြသစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း (၆၃) နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် အထပ်မြင့်အဆောက်အအုံ အသက်ကယ်ဆယ်ခြင်းနှင့် မီးငြိမ်းသတ်ခြင်း သရုပ်ပြပွဲကျင်းပ

ရန်ကုန် မေ ၂

ရန်ကုန်တိုင်း (၆၃)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် အထပ်မြင့်အဆောက်အအုံ အသက်ကယ်ဆယ်ခြင်းနှင့် မီးငြိမ်းသတ်ခြင်း သရုပ်ပြမှုအခမ်းအနားကို ယနေ့ နံနက် ၇နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် ပြည်လမ်းပေါ်ရှိ Pyay Garden Condominium ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်အားပေးချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ဒုတိယတိုင်းမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တပ်မတော်အရာရှိကြီးများ၊ မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမီးသတ်တပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေး ဆောင်ရွက်မှုကို သရုပ်ပြကြသည်။

ဂုဏ်ပြုဆုချီးမြှင့်

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များက အရေးပေါ်မီးသတ်ပစ္စည်းကိရိယာများနှင့် အသက်ကယ်ပစ္စည်းများကို လိုက်လံကြည့်ရှုအားပေးပြီး တိုင်းမှူးက သရုပ်ပြပွဲပါဝင်သည့် မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုအမှာစကားပြောကြား၍ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ရန်ကုန်တိုင်း (၆၃)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်တိုင်း မီးသတ်တပ်ဖွဲ့ဝင်များ၏ ကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေး စွမ်းရည်သရုပ်ပြမှုကို ကြည့်ရှုအားပေးစဉ်။ (မီးသတ်)

စီမံကိန်းတာဝန်ပေးအပ်ပွဲ စစ်ကိုင်းတိုင်း၌ကျင်းပ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး အမှာစကားပြောကြား

ရန်ကုန် မေ ၂

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် ဧပြီ၂၇ရက်က စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး မြသလ္လာအစည်းအဝေးခန်းမ၌ ကျင်းပသော ၂၀၀၉-၂၀၁၀ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားပြီး တိုင်းစီမံကိန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ၂၀၀၉-၂၀၁၀ခုနှစ် စီမံကိန်း ရည်မှန်းချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ တိုင်းအဆင့် ဌာနဆိုင်ရာများက ဆွေးနွေးတင်ပြသည်။

တာဝန်ပေးအပ်

ထို့နောက် တိုင်းမှူးသည် ၂၀၀၉-၂၀၁၀ခုနှစ် ခရိုင်အလိုက် စီမံကိန်းရည်မှန်းချက်များကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများအား တစ်ဦးချင်း တာဝန်ပေးအပ်ပြီး **(အပေါ်ပုံ)** နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ပိုလန်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၃

၂၀၀၉ခုနှစ် မေ ၃ရက်တွင် ကျရောက်သည့် ပိုလန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ပိုလန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ရာဒိုစလော စီကောစကီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

(၆၃) နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မီးသတ်ဦးစီးဌာန(ရုံးချုပ်)မှ တပ်ဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာန (နေပြည်တော်)၊ ဗဟို မီးသတ်သင်တန်းကျောင်းနှင့် နေပြည်တော်ပျဉ်းမနား၊ နေပြည်တော် တပ်ကုန်း၊ နေပြည်တော်လယ်ဝေးတို့မှ သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ နေပြည်တော်ခုတင်-၁၀၀၀ဆံ့အထွေထွေ ရောဂါကုဆေးရုံကြီး၌ သွေးလှူဒါန်းကြစဉ်။ (သတင်းစဉ်)

(၆၃)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆို သွေးလှူဒါန်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မေ ၂

မေ ၅ရက်တွင် ကျရောက်မည့် (၆၃)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန(ရုံးချုပ်)မှ တပ်ဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာန (နေပြည်တော်)၊ ဗဟိုမီးသတ်သင်တန်းကျောင်းနှင့် နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်တပ်ကုန်း၊ နေပြည်တော်လယ်ဝေးတို့မှ သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ခုတင်-၁၀၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးနှင့် နေပြည်တော်ပျဉ်းမနား အထွေထွေရောဂါကုဆေးရုံကြီးတို့၌ သွေးလှူဒါန်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ နေပြည်တော် ခုတင်-၁၀၀၀ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ သွေးလှူဒါန်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို နံနက်၆နာရီ၌ ကျင်းပရာ နေပြည်တော် မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမင်းမြင့်ဆွေက သွေးလှူဒါန်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရခြင်းကို ရှင်းလင်းပြောကြားပြီး ဆေးရုံအုပ်ကြီး ဒေါက်တာဦးသောင်းတင်ထွန်းက သွေးလှူဒါန်းရခြင်းအကျိုးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မီးသတ်တပ်ဖွဲ့ဝင် ၁၅၀တို့၏ သွေးလှူဒါန်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ဆေးရုံအုပ်ကြီး၊ နေပြည်တော်မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

စုပေါင်းသန့်ရှင်း

အလားတူ နေပြည်တော်ပျဉ်းမနား အထွေထွေရောဂါကုဆေးရုံကြီး၌လည်း တပ်ဖွဲ့ဝင် ၁၀၀တို့က သွေးလှူဒါန်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅)၊ အမှတ်(၁၆)ဖြန့်ချိ

ရန်ကုန် မေ ၂

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅)၊ အမှတ်(၁၆)၌ အရှေ့မြောက်ဝင်ပေါက်သို့ ခရီးတစ်ခေါက်နှင့် ယောက်ျားမှန်ရင် မျက်ရည်မကျဘူးဆို Myanmar Discovery ကဏ္ဍ၊ ထက်ဖြပ်မ္ဘာဘုန်း ရိုက်ချန်းပဲ့တင်ညံခဲ့ပြီ Myanmar Channel၊ လေကြောင်းတိုက်ပွဲ ‘Tom Clancy's H.A.W.X ဂိမ်းသုံးသပ်ချက် Tech View ကဏ္ဍသစ်များနှင့်အတူ ဝက်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ဝက်သားများကို သေချာစစ်ဆေးပြီးမှ ရောင်းချခွင့်ပြုနေ၊ အမေရိကန် အပျော်စီးသင်္ဘောတွင် တာဝန်ထမ်းဆောင်ရန် မြန်မာဝန်ထမ်း ၅၀ကျော်ခေါ်၊ ငါးပိအချို့တွင် အစားအသောက်၌ သုံးစွဲရန်ခွင့်မပြုသည့် အနီရောင်ဆိုးဆေးများပါဝင်နေ၊ သက်တမ်းလွန် တစ်ခါသုံး Prepaid Card များ ရောင်းချမှုရှိနေသဖြင့် ဝယ်ယူသူများ သတိထားရန်လို စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ သူ့ဘဝ သူ့ဒဿန ဘဝမှာဘာပဲဖြစ်ဖြစ် အကဝါသနာကိုတော့ စွန့်လွှတ်မှာမဟုတ်ဘူး မနန်းဖုန်းဖောင်(ရှမ်းမင်းသမီး)နှင့် စကားလက်ဆုံ၊ တစ်ပတ်စာ အရသာသစ် Sashimi Moriawase၊ ဝက်မှာဖြစ်တဲ့ ဗိုင်းရပ်စ်ရယ်၊ လူမှာဖြစ်တဲ့ ဗိုင်းရပ်စ်ရယ်၊ ကြက်ငှက်မှာဖြစ်တဲ့ဗိုင်းရပ်စ်ရယ် သုံးမျိုးပေါင်းစပ်ပြီး ထွက်ပေါ်လာတဲ့ ဖော်မြူလာအသစ်ကြောင့်သာ လူတွေအချင်းချင်း ကူးစက်စေတာပါ ဒေါက်တာအောင်ကြီး (မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်)နှင့် ဖလားဝါးနယူးစ်ဂျာနယ်တို့ တွေ့ဆုံမေးမြန်းခြင်း အင်တာဗျူးဆောင်းပါးများနှင့်အတူ ယနေ့ထွက်ရှိလာပြီဖြစ်သည်။

ဘားရက်အိုဘားမား ရေး၍ ကိုကို(စက်မှုတက္ကသိုလ်) ဘာသာပြန်ဆိုထားသော အဖေ့ဆီက အိပ်မက်များ(၂၁)၊ အစိုးရရဲ့ ငွေကြေးဖြည့်ဆည်းရေး အစီအစဉ်ဟာ လုံလောက်မှုမရှိဘူး စီးပွားရေးပညာရှင် စတိဂလစ်နှင့် စပီဂျဲလ်မဂ္ဂဇင်းတို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ ပါကစ္စတန်သမ္မတက ဘင်လာဒင် သေဆုံးပြီဖြစ်ကြောင်း ပြောကြား၊ အစ်မဖြစ်သူ အသတ်ခံရခြင်းအတွက် ဝမ်းနည်းကြေကွဲနေသူလေးက ကားရှေ့မှောက် လှဲချကာ ကိုယ့်ကိုယ်ကို အဆုံးစီရင်၊ အိုဘားမားနှင့် ဂျပန်ဝန်ကြီးချုပ်တို့ မြောက်ကိုရီးယားအရေး ဆွေးနွေး၊ အဝလွန်သူများ ပတ်ဝန်းကျင်ကို ဆိုးကျိုးပေး စသည့် နိုင်ငံတကာ ထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေး သုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

ချက်ပြုတ်ချိန်အတွင်း၌သာ တည်ရှိနေတတ်ပြီး အချိန်ကြာမြင့်စွာ ကြော်လှော်ချက်ပြုတ်ပါက ခန္ဓာကိုယ်တွင်း အဆိပ်ဓာတ်များ ထွက်ရှိနိုင်သဖြင့် အန္တရာယ်ရှိစေကြောင်း ၄င်းတို့က ဆက်လက်ထောက်ပြထားသည်။

ဖြစ်ပွားနိုင်

ယခင်က ဗိုင်းရပ်စ်ပိုးများကူးစက်မှု မခံရစေရန် အသားများကို ကျက်အောင် ချက်ပြုတ်စေရေး ပညာရှင်များက အကြံပြုခဲ့မှုကို လူများက အကျက်လွန်အောင် ချက်ပြုတ် ကြော်လှော်စားသုံးကြသဖြင့် ကင်ဆာရောဂါများ ဖြစ်ပွားနိုင်ခြင်းဖြစ်သည်ဟု အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။ ။

ခင်းကျင်းပြသထား

မေ၂ရက်က မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ (၂၀၀၉) ဒုတိယမြောက်နေ့တွင် Hasee Computer ပြခန်းအတွင်း ခင်းကျင်းပြသထားသော လက်ပ်တော့ပ်နှင့် ကွန်ပျူတာများကို တွေ့ရစဉ်။ (သတင်းစဉ်)

မိုး အစဉ် သတိပြု

တရုတ်နိုင်ငံမြောက်ပိုင်း ပေကျင်း-တီယန်ကျင်း အဝေးပြေးရထားလမ်းပိုင်း၌ ပါဝင်သည့် တီယန်ကျင်းဘူတာရုံအတွင်း ရပ်နားထားသည့် ကျည်ဆန်ရထားများကို ဧပြီ ၃၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကနေဒါ၌ ဝက်တုပ်ကွေးရောဂါဖြစ်သူ ၃၄ဦးအထိရှိလာ အိန္ဒိယနှင့်ထိုင်းသို့ ရောက်လာသူများ၌ ရောဂါလက္ခဏာ မတွေ့ရ

အော့တဝါ မေ ၂

ကနေဒါနိုင်ငံ၌ ဝက်တုပ်ကွေးရောဂါ နောက်ထပ်ပျံ့နှံ့ဖြစ်ပွားသည့်အတွက် ရောဂါဖြစ်သူစုစုပေါင်း ၃၄ ဦး ရှိသွားပြီဖြစ်၍ စိုးရိမ်မကင်းဖြစ်မိကြောင်း ဝန်ကြီးချုပ် စတီဖင်ဟာပါက မေ ၁ ရက်တွင် ပြောကြားသည်။

တတိယအများဆုံး

အမေရိကန်နိုင်ငံ၌လည်း ရောဂါဖြစ်သူ ၁၁၈ဦးအထိ တိုးလာသည်ဟုဆိုသည်။ ကနေဒါနိုင်ငံသည် မက္ကဆီကိုနှင့်အမေရိကန်နိုင်ငံတို့ပြီးလျှင် ဝက်တုပ်ကွေးရောဂါ တတိယအများဆုံးဖြစ်သည့် နိုင်ငံဖြစ်သည်။

အတည်ပြု

မက္ကဆီကိုနိုင်ငံ၌ ရောဂါစတင်ဖြစ်ပြီး ရက်သတ္တပတ်နီးပါးအတွင်း သေဆုံးသူ ၁၅၉ဦးရှိသည်။ အမေရိကန်နိုင်ငံတက္ကဆက်ပြည်နယ်တွင် ၂၃လသားအရွယ် ကလေးငယ်တစ်ဦးသေဆုံးကြောင်း အရာရှိတစ်ဦးက ဧပြီ ၂၉ရက်တွင် အတည်ပြုသည်။

စစ်ဆေး

အိန္ဒိယနိုင်ငံ၌ ဝက်တုပ်ကွေးဖြစ်သည့် နိုင်ငံများမှပြန်လာသူ ခရီးသည် ၅၀၀၀၀ကို စစ်ဆေးကြည့်ရာ ဝက်တုပ်ကွေးရောဂါ လက္ခဏာမတွေ့ရဟု အိန္ဒိယအစိုးရက ဧပြီ ၃၀ရက်တွင် ကြေညာသည်။

ကြေညာ

အလားတူပင် မက္ကဆီကိုမှ ပြန်လာသော ထိုင်းနိုင်ငံသားငါးဦးကို စစ်ဆေးရာ ဝက်တုပ်ကွေးရောဂါ လက္ခဏာမတွေ့ကြောင်း ထိုင်းပြည်သူ့ကျန်းမာရေးဝန်ကြီးက ဧပြီ ၃၀ ရက်တွင် ကြေညာသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အဇာဘိုင်ဂျန်တွင် ပစ်ခတ်မှုဖြစ်ပွား ၁၀ဦးသေဆုံး

မော်စကို မေ ၂

အဇာဘိုင်ဂျန်၏ မြို့တော် ဘာကူးတက္ကသိုလ်တွင် ဧပြီ ၃၀ရက်တွင် သေနတ်သမားနှစ်ဦးက ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ၁၀ဦး သေဆုံးခဲ့ကြောင်း ရုရှားအာရ်အိုင်အေနိုဗိုစတီ သတင်းဌာနက ဖော်ပြသည်။ အခြား ၁၅ဦးမှာလည်း အဇာဘိုင်ဂျန်နိုင်ငံ ရေနံနည်းပညာ အကယ်ဒမီတွင် သေနတ်ပစ်ခံရသဖြင့် ဒဏ်ရာရရှိသည်ဟု စောစောပိုင်းသတင်းများအရ သိရသည်။

ဖော်ပြ

သေနတ်သမားများက ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်ဟု အဇာဘိုင်ဂျန် အေအင်န်အက်စ် ရုပ်မြင်သံကြားဌာနက ဖော်ပြသည်။

သေနတ်သမားတစ်ဦးမှာ အဆုံးစီရင်သွားပြီး အခြားတစ်ဦးက ဓားစာခံများကို ဖမ်းဆီးခဲ့သည်ဟု စောစောပိုင်းသတင်းများအရ သိရှိရသည်။

လွတ်မြောက်

အထူးတပ်ဖွဲ့ဝင်များက စစ်ဆင်ရေးပြုလုပ်ခဲ့ပြီး ကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်ခဲ့ရာ ဓားစာခံအဖြစ် အဖမ်းခံရသူများ လွတ်မြောက်လာခဲ့ကြောင်း အဇာဘိုင်ဂျန် ပြည်ထဲရေးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ဇိုင်ဒေါ့ဗ်က ပြောကြားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း ဟေလုံကျန်ပြည်နယ် ယီချွမ်မြို့အနီးရှိ ယီချွမ်ယူဟာအိုသစ်တော မီးလောင်မှုဖြစ်ပွားနေသည်ကို မေ ၁ ရက်က တွေ့ရစဉ်။

(ယင်းတောမီးလောင်ကျွမ်းမှုသည် ရက်ကြာမြင့်နေခဲ့ပြီး မီးသတ်သမားများက ငြိမ်းသတ်ရန် ကြိုးစားလျက်ရှိသည်။)

(အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့စီးပွားရေး အကျပ်အတည်းပြဿနာ ဘက်မလိုက်အဖွဲ့ စည်းလုံးညီညွတ်စွာ ရင်ဆိုင်ဖြေရှင်း

ဟာဗားနား မေ ၂

ဘက်မလိုက်လှုပ်ရှားမှု(နမ်) အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကမ္ဘာ့စီးပွားရေး အကျပ်အတည်းပြဿနာကို စည်းလုံးညီညွတ်စွာ ရင်ဆိုင်ဖြေရှင်းရန် ကျူးဘားသမ္မတ ရာေလ်ကက်စထရိုက ဧပြီ ၃၀ ရက်တွင် တိုက်တွန်းလိုက်သည်။

ပြောကြား

ကျူးဘားနိုင်ငံ ဟာဗားနားမြို့၌ ကျင်းပသည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ညှိနှိုင်းရေးဗျူရို ဝန်ကြီးများအစည်းအဝေးဖွင့်ပွဲတွင် မိန့်ခွန်းပြောကြားစဉ် ကျူးဘားခေါင်းဆောင်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ယုံကြည်

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့အနေဖြင့် နိုင်ငံတကာအချေအတင် ဆွေးနွေးပွဲများတွင် အရေးပါသည့်အခန်းမှ ဆက်လက်ရပ်တည်နိုင်သည်ဟု ယုံကြည်ကြောင်း ၄င်းက ထည့်သွင်းပြောကြားသည်။ **(အင်တာနက်)**

ဂျော်ဒန်နိုင်ငံ အမ္မန်မြို့ရှိ တိရစ္ဆာန်ဥယျာဉ်တွင် တစ်နှစ်သားအရွယ် ကျားသစ်မလေးနှင့် တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေး ဝန်ထမ်းတစ်ဦး ဆော့ကစားလျက်ရှိသည်ကို မေ ၂ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တမီးလ်သူပုန်ကိစ္စ ဩဝါဒပေးရန်မလို သီရိလင်္ကာသမ္မတ တုံ့ပြန်ပြောကြား

ကိုလံဘို မေ ၂

တမီးလ်ကျားသူပုန်များနှင့် အပစ်အခတ်ရပ်စဲရေးအတွက် ၄င်းအား ဩဝါဒပေးမှုကို ရပ်တန့်ကြပါရန် အနောက်အုပ်စုနိုင်ငံများသို့ သီရိလင်္ကာသမ္မတ မဟင်ဒါရာဂျာပက်ဆာက တုံ့ပြန်ပြောကြားလိုက်သည်။

ပြောကြား

ဤနိုင်ငံမှ ပြည်သူများကို ကာကွယ်ရန်မှာ မိမိတာဝန်ဖြစ်ကြောင်း၊ မိမိအနေဖြင့် အနောက်အုပ်စုကိုယ်စားလှယ်များ၏ ဩဝါဒပေးမှုကို မလိုအပ်ကြောင်း သီရိလင်္ကာသမ္မတ မဟင်ဒါရာဂျာပက်ဆာက ဧပြီ၃၀ရက်တွင် ပြောကြားသည်။

ဝေဖန်

အာဖဂန်နစ္စတန်နိုင်ငံ၏ အရပ်သားများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့်ပတ်သက်၍လည်း သီရိလင်္ကာသမ္မတက အမေရိကန်နှင့် နေတိုးမဟာမိတ်များအား ဝေဖန်လိုက်သည်။

(အင်တာနက်)

ကာကွယ်ရေးသဘောတူညီချက် အီရန်နှင့် ဗင်နီဇွဲလား လက်မှတ်ရေးထိုး

တီဟီရန် မေ ၂

အီရန်နှင့်ဗင်နီဇွဲလားတို့သည် နှစ်နိုင်ငံကာကွယ်ရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

လက်မှတ်ရေးထိုး

အီရန်ကာကွယ်ရေးဝန်ကြီး ဗိုလ်မှူးချုပ် မိုဟာမက်နက်ဂျာနှင့် ဗင်နီဇွဲလားကာကွယ်ရေးဝန်ကြီး ကာရီဇာလက်တို့က အဆိုပါသဘောတူညီချက်ကို ကာရာကတ်မြို့တွင် လက်မှတ်ရေးထိုးခဲ့သည်ဟု အိုင်အာရ်အင်န်အေသတင်းဌာနက ဖော်ပြသည်။

အလေးပေးဖော်ပြ

အဆိုပါ စာချုပ်၌ ကာကွယ်ရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးမှု ချဲ့ထွင်ရေး၊ ကာကွယ်ရေးပြဿနာများတွင် အတွေ့အကြုံများဖလှယ်ရေးစသည့် ကိစ္စများကို အလေးပေး ဖော်ပြထားသည်ဟု အိုင်အာရ်အင်န်အေသတင်းတွင် ဆက်လက်ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကားဗုံးပေါက်ကွဲ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ဆာဒါးစီးတီးအရပ်တွင် ဧပြီ ၃၀ ရက်က ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

တရားမဝင် အိန္ဒိယအလုပ်သမားများ ဒူဘိုင်းမှ ထွက်ခွာနေကြ

ဒူဘိုင်း မေ ၂

အာရပ်စော်ဘွားများနိုင်ငံ (ယူအေအီး)ရှိ ဒူဘိုင်းမြို့တွင် ဘဏ္ဍာရေးအကျပ်အတည်းဖြင့် ရင်ဆိုင်နေရသဖြင့် အဆောက်အအုံဆောက်လုပ်ရေးကဏ္ဍ၌ အလုပ်သမားများငှားရမ်းမှု လျော့ပါးလာသည်။ ၂၀၀၉ ခုနှစ် ပထမလေးလအတွင်း ဒူဘိုင်းမှထွက်ခွာနေသည့် အိန္ဒိယမှ တရားမဝင်အလုပ်သမားနေ့စားဦးရေသည် မြင့်တက်လျက်ရှိကြောင်း ဒူဘိုင်းရှိ အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးက ဧပြီ ၃၀ရက်တွင် ပြောကြားသည်။

ဝင်ရောက်လာ

ထောင်ပေါင်းများစွာသော အိန္ဒိယအလုပ်သမားများသည် အာရပ်စော်ဘွားများ နိုင်ငံ(ယူအေအီး)တွင် တရားမဝင်လာရောက် လုပ်ကိုင်လျက်ရှိကြသည်။ ယူအေအီးသည် အာရပ်နိုင်ငံများတွင် စီးပွားရေး ဒုတိယ အချိုင်မာဆုံး နိုင်ငံဖြစ်သည်။ အိန္ဒိယအလုပ်သမားသည် အလုပ်လုပ်ခွင့်ပါမစ်မရှိဘဲ ဆောက်လုပ်ရေး စီမံကိန်းများတွင် နေ့စားအဖြစ် လုပ်ကိုင်ရန် ယူအေအီးသို့ တရားမဝင် ဝင်ရောက်လာခဲ့ကြသည်။

ပြောကြား

၄င်းအလုပ်သမားများ ယူအေအီးသို့ အလာများပြားနေမှုသည် ဘဏ္ဍာရေးအကျပ်အတည်းကြောင့်ဖြစ်သည်ဟု အိန္ဒိယကောင်စစ်ဝန်ချုပ် ရာဂျာမိုနီက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

တစ်ပတ်အတွင်း နိုင်ငံတကာသဘာဝဘေးသတင်းများ

မြန်မာ့အလင်း ဧပြီ ၂၆ရက် မှ မေ ၂ရက်

ဧပြီ ၂၆ - **မက္ကဆီကိုပင်လယ်ကွေ့၌ တစ်နာရီလျှင် မိုင်၇၀နှုန်း တိုက်ခတ်သောမုန်တိုင်းကြောင့် ကမ်းလွန်ရေနံတူးဖော်ရေး လုပ်ငန်းအချို့ ထိခိုက်ပျက်စီးခဲ့သည်။ မုန်တိုင်းကြောင့် ပင်လယ်ရေလှိုင်းများ အမြင့် ၁၀ပေအထိ ဖြစ်ပေါ်ခဲ့ရာ ကုန်တင်သင်္ဘောအချို့ မုန်တိုင်းဒဏ် ကြုံတွေ့ခံစားရသည်။**

ဧပြီ ၂၇ - အမေရိကန်နိုင်ငံ ကင်ဆက်စ်ပြည်နယ်တွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် နေရာဒေသအချို့တွင် ရေလွှမ်းမှုများဖြစ်ပေါ်ပြီး နေအိမ်များ ရေနစ်မြုပ်ကာ နှစ်ဦးသေဆုံးခဲ့သည်။ ရေဘေးဒုက္ခကြုံတွေ့ရသည့် နေရာမှာ ကင်ဆက်စ်ပြည်နယ် တောင်ပိုင်းဒေသများဖြစ်သည်။ ရေဘေး ဒုက္ခကြုံတွေ့နေရသူများအား အရေးပေါ်ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးထားသည်။ **(အောက်ပုံ)**

ဧပြီ ၂၈ - **ဂျပန်နိုင်ငံ ဟွန်ရှူးကျွန်းကမ်းလွန်တွင် အင်အားရစ်ချ်တာစကေး ၆ဒသမ၁ရှိသည့် ငလျင်လှုပ်သွားရာ ဟွန်ရှူးကျွန်းပေါ်ရှိ နေအိမ်နှင့် အဆောက်အအုံအချို့ ယိမ်းထိုးလှုပ်ခါသွားပြီး အနည်းငယ် ထိခိုက်ပျက်စီးခဲ့သည်။**

- အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း ဆူလာဝေစီပြည်နယ် အနောက်မြောက်ပိုင်းတွင် ရစ်ချ်တာစကေး ၆အဆင့် အင်အားရှိသည့် ငလျင်လှုပ်ခဲ့ရာ ဆူလာဝေစီပြည်နယ် အရှေ့တောင်ပိုင်းဒေသများတွင် အဆောက်အအုံအချို့ ယိမ်းထိုးလှုပ်ခါသွားပြီး အနည်းငယ်ပျက်စီးခဲ့သည်။

ဧပြီ ၂၉ - **တရုတ်နိုင်ငံမြောက်ပိုင်းတွင် မြေပြိုမှုဖြစ်ပွားရာ ၁၀ဦးထက်မနည်း သေဆုံးခဲ့သည်။ သုံးရက်ဆက်တိုက် မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းသောမိုးကြောင့် တောင်ကုန်းဒေသများတွင် ဤကဲ့သို့ မြေပြိုမှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။** (အပေါ်ပုံ)

ဧပြီ ၃၀ - အင်ဒိုနီးရှားနိုင်ငံ ဘင်တန်ပြည်နယ်ရှိ ကရာကာတူမီးတောင် လှုပ်ရှားလာလျက်ရှိပြီး ကောင်းကင်သို့ ပြာမှုန့်များနှင့်မီးခိုးများ မှုတ်ထုတ်လျက်ရှိကြောင်း အနီးဝန်းကျင်၌ နေထိုင်သူပြည်သူများအား ရွှေ့ပြောင်းပေးရန် စီစဉ်လျက်ရှိသည်။

မေ ၁ - **တရုတ်နိုင်ငံ ဟေလုံကျင်းပြည်နယ်အရှေ့မြောက်ပိုင်းတွင် တောမီးများ လောင်ကျွမ်းမှုကြောင့် မီးခိုးများထွက်လျက်ရှိရာ အခြားနေရာများသို့ ကူးစက်လောင်ကျွမ်းမှုမရှိစေရန် မီးသတ်တပ်ဖွဲ့ဝင် ၁၂၄၅ဦးအပါအဝင် စေတနာ့ဝန်ထမ်း ၃၃၄၇ဦးတို့က စုပေါင်း မီးငြိမ်းသတ်လျက်ရှိသည်။ မီးလောင်ကျွမ်းမှုမှာ ငြိမ်းသတ်နေရဆဲဖြစ်သည်။**

မေ ၂ - ဖိလစ်ပိုင်နိုင်ငံ အရှေ့ပိုင်းတွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ရေလွှမ်းမှုနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ကြောင်း၊ မြေပြိုမှုများကြောင့် ဆော်ဆိုရုံပြည်နယ်မှ လေးဦး၊ ကျုံဇွန်ပြည်နယ်နှင့် တာမာရိန်းပြည်နယ်တို့မှ တစ်ဦးစီ သေဆုံးခဲ့ပြီး အခြားရွာသား၁၈ဦးမှာ ပျောက်ဆုံးလျက်ရှိသည်။

နိုင်ငံတကာ သတင်းစုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ဘဝအမောပြေ

ပုံဆွဲပြီးပါပြီ….

ကျောင်းတစ်ကျောင်းတွင် မူလတန်းဆရာတစ်ဦးသည် မူလတန်းအထက်ဆင့်၌ သူစာသင်ပေးရသောအတန်းကို ပန်းချီပညာအခြေခံသင်ကြားပေးထားလေသည်။ တစ်နေ့သ၌ ရှည်ကြာလှသော စာသင်ချိန်ပြီးနောက် ညနေကျောင်းဆင်းရန် တစ်နာရီခန့်အလိုတွင် စာသင်ရပ်ပြီး အာရုံပြောင်းသည့်အနေဖြင့် ပန်းချီဆွဲခိုင်းလေသည်-

ဆရာ ။ ။ ကဲ-တပည့်တို့…ရှုခင်းပုံ တစ်ပုံစီဆွဲပြီး ဆရာ့ကို လာပြပါ။

တပည့်များ ။ ။ ဟုတ်ကဲ့ပါဆရာ။

ကျောင်းသား ကျောင်းသူများအားလုံး ရှုခင်းပုံပန်းချီကို စိတ်ဝင်စားစွာ ဆွဲနေကြလေသည်။ ကျောင်းသားများအနက် အတန်းတွင်းရှိ နောက်ဆုံးခုံတန်းမှ ကျောင်းသားတစ်ဦးသည် အများသူငါကဲ့သို့ ပုံမဆွဲဘဲထိုင်နေသည်ကိုတွေ့၍ ဆရာက သွားရောက်မေးမြန်းလေသည်-

ဆရာ ။ ။ မင်းဘာလို့ ပုံမဆွဲတာလဲ။

တပည့် ။ ။ ဆွဲပြီးပါပြီဆရာ။

ဆရာ ။ ။ ဘာပုံဆွဲလဲ။

တပည့် ။ ။ နွားတစ်ကောင်မြက်စားနေတဲ့ပုံ…

ထိုအခါ ပုံဆွဲသည်ကိုမတွေ့ရပါဘဲ ဆွဲသယောင်ဆောင်ကာ ဖြေကြားနေသော ကျောင်းသားအား ဒေါသထွက်လာသော ဆရာက မေးမြန်းလိုက်သောအခါ ဖြတ်ထိုးဉာဏ်ကောင်းသော ကျောင်းသား၏အဖြေကြောင့် စာသင်ခန်းတစ်ခန်းလုံး ငိုအားထက် ရယ်အားသန် ဖြစ်သွားကြရသည်-

ဆရာ ။ ။ အဲဒါဆို ဘယ်မှာလဲ…မင်းဆွဲတဲ့နွား။

တပည့် ။ ။ ရေသောက်ဖို့ထွက်သွားပြီ ဆရာ။

ဆရာ ။ ။ ဒါဆိုရင်မြက်ကရောကွာ။

တပည့် ။ ။ နွားစားလို့ကုန်သွားပါပြီ ဆရာ။

ဆရာ ။ ။ 'ဘာ'

ဘဝဒဿန

■ ***A consultant is a man who borrows your watch and tell you what time it is, then sends you a bill.***

❐ ***အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုသည်မှာ သင်၏နာရီကိုငှားယူပြီး အချိန်ကို ပြောပြကာ ကျသင့်ငွေစာရင်းကို ပေးပို့သူပင်ဖြစ်ပေသည်။***

ကားလ်အယ်လ်လီ(အင်္ဂလိပ်လူမျိုးအတွေးအခေါ်ပညာရှင်)

အယ်ဂျီးရီးယား ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံဆိုသည်မှာ….

သတင်းအက်ဆေး

အယ်ဂျီးရီးယား ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံသည် အာဖရိကတိုက်၏ အနောက်မြောက်ပိုင်း မြေထဲပင်လယ်ကမ်းခြေ ဆာဟာရသဲကန္တာရဒေသတွင် တည်ရှိသည်။ ဤနိုင်ငံမှာ အာဖရိကတိုက်နှင့် ဥရောပတိုက်တို့အကြား ဝင်ထွက်သည့် တံခါးမဖြစ်သည်။ ၁၉၆၂ခုနှစ်တွင် ပြင်သစ်လက်အောက်မှ လွတ်လပ်ရေးရရှိရန် ပြည်သူတစ်သန်းကျော် အသက်ပေး ရင်းနှီးခဲ့ရသည်။ ၁၉၉၂ခုနှစ် ရွေးကောက်ပွဲ ဖျက်သိမ်းပြီးနောက် ဤနိုင်ငံမှာ သွေးချောင်းစီးပြည်တွင်းစစ်မှ ရုန်းထွက်ခဲ့ရသည်။

တွေ့ရှိ

အယ်ဂျီးရီးယားနိုင်ငံ ပိုင်နက်နယ်မြေ၏ ငါးပုံလေးပုံမှာ ဆာဟာရသဲကန္တာရ ဖုံးလွှမ်းလျက်ရှိသည်။ ၁၉၅၀ပြည့်လွန်နှစ်များက ဤနိုင်ငံ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့သိုက်များ တွေ့ရှိသည်။ သို့သော် ပြည်သူအများစုသည် မြောက်ဘက်ကမ်းခြေတစ်လျှောက်တွင် နေထိုင်သည်။

ဤနိုင်ငံက ဥရောပသို့ သဘာဝဓာတ်ငွေ့များ ရောင်းချပေးသည်။ ၁၇ရာစုနောက်ပိုင်း အာဖရိကကို အာရပ်များတိုက်ခိုက်သိမ်းပိုက်ခြင်းမပြုမီက ဤနိုင်ငံ၌ ဘာဘာလူမျိုးစုတို့ အခြေချနေထိုင်ကြသည်။ ဘာဘာလူမျိုးတို့သည် အာရပ်တို့၏ ဩဇာလွှမ်းမိုးမှုကို ခုခံတွန်းလှန်လိုက်ကြသည်။ တောတောင်ထူထပ်သည့် ဒေသများတွင် နေထိုင်ကြပြီး လူဦးရေ ၃၀ရာခိုင်နှုန်းရှိသည်။

တိုက်ပွဲဝင်ခဲ့

၁၆ရာစုမှစ၍ တူရကီအော်တိုမန် အင်ပါယာ၏ တစ်စိတ်တစ်ပိုင်း ဖြစ်ခဲ့သည်။ ဤနိုင်ငံကို ၁၈၃၀ပြည့်နှစ်တွင် ပြင်သစ်က သိမ်းပိုက်သည်။ ၁၉၅၄ခုနှစ်မှစ၍ အမျိုးသားလွတ်မြောက်ရေးတပ်ဦး၏ ဦးဆောင်မှုဖြင့် လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့သည်။

၁၉၆၂ခုနှစ်တွင် လွတ်လပ်ရေးရပြီး ၁၉၆၃ခုနှစ်တွင် အယ်ဂျီးရီးယားနိုင်ငံ၏ ပထမဆုံးသမ္မတအဖြစ် အာမက်ဘင်ဘဲလားအား ရွေးချယ်တင်မြှောက်သည်။ ၁၉၆၅ခုနှစ်တွင် သမ္မတဘင်ဘဲလားကို ဗိုလ်မှူးကြီးဘူမီဒီယင်းက ဖြုတ်ချ အာဏာသိမ်းသည်။ ၁၉၇၆ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပြဋ္ဌာန်းသည်။ ဆိုရှယ်လစ်စနစ် အကောင်အထည်ဖော်ရန်ရည်မှန်းသည်။ တစ်ခုတည်းသောပါတီဖြစ်သည့် အမျိုးသားလွတ်မြောက်ရေးတပ်ဦးကို ဖွဲ့စည်းသည်။ ၁၉၇၈ခုနှစ်တွင် ဘူမီဒီယင်းကွယ်လွန်သောအခါ ဗိုလ်မှူးကြီး ဘင်ဂျီဒစ် တက်လာသည်။

ဖျက်သိမ်းပေးရ

၁၉၈၆ခုနှစ်တွင် ငွေကြေးဖောင်းပွမှု၊ အလုပ်လက်မဲ့ပြဿနာတို့အပြင် ရေနံနှင့် သဘာဝဓာတ်ငွေ့ဈေးနှုန်း ကျဆင်းမှုတို့ကြောင့် သပိတ်တိုက်ပွဲများ၊ ကန့်ကွက်ဆန္ဒပြအကြမ်းဖက်မှုများပေါ်ပေါက်လာသည်။ ၁၉၈၉ခုနှစ်တွင် တစ်ပါတီစနစ် ဖျက်သိမ်းပေးရသည်။

ကျင်းပပေးမည်

၁၉၉၁ခုနှစ် ဒီဇင်ဘာလတွင် ရွေးကောက်ပွဲကျင်းပရာ အစ္စလမ္မစ်ကယ်တင်ရေးတပ်ဦး(အက်ဖ်အိုင်အက်စ်)က အနိုင်ရသည်။ ၁၉၉၂ခုနှစ် ဇန်နဝါရီလ၄ ရက်တွင် သမ္မတ အမိန့်ဖြင့် အမျိုးသားလွှတ်တော်ကို ဖျက်သိမ်းသည်။ တစ်ဆက်တည်းမှာပင် ဇန်နဝါရီ ၁၁ရက်တွင် သမ္မတဘင်ဂျီဒစ်ရာထူးမှ နုတ်ထွက်သည်။ အာဏာကို မိုဟာမက် ဦးဆောင် သည့် အဖွဲ့ဝင်ငါးဦးပါသော နိုင်ငံတော်ကောင်စီက လွှဲယူသည်။ ၁၉၉၂ခုနှစ်တွင် မိုဟာမက် လုပ်ကြံခံရသည်။ အကြမ်းဖက်မှုများ တိုးလာသည်။ ၁၉၉၄ခုနှစ်တွင် မိုဟာမက်၏ နေရာကို အငြိမ်းစားဗိုလ်မှူးကြီးဇေရိုးအယ်အား ခန့်အပ်သည်။ ၁၉၉၈ခုနှစ်တွင် သမ္မတသက်တမ်းကို လျှော့ပြီး သမ္မတရွေးကောက်ပွဲ ကျင်းပပေးမည်ဟု ဇေရိုးအယ်က ကြေညာသည်။

အာမခံလိုက်

၁၉၉၉ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဟောင်း ဘူတီဖလီကာအား သမ္မတအဖြစ် တင်မြှောက်သည်။ ၂၀၀၄ခုနှစ် ဧပြီလတွင် ဒုတိယအကြိမ်သမ္မတအဖြစ် ပြန်လည်အရွေးခံရသည်။ သမ္မတအဖြစ် ပထမအကြိမ်အရွေးခံရစဉ်က ဘူတီဖလီကာသည် သွေးစွန်းမှုများ အဆုံးသတ်စေရမည်ဟု ကြွေးကြော်လုပ်ဆောင်ခဲ့ပြီး ဒုတိယအကြိမ်တွင်မူ စစ်မှန်သော အမျိုးသားရင်ကြားစေ့ရေးကို အကောင်အထည်ဖော်မည်ဟု အာမခံလိုက်သည်။

အမည်ပြောင်း

၂၀၀၇ခုနှစ် ဇန်နဝါရီလတွင် အစွန်းရောက်ဂျီအက်စ်ပီစီအဖွဲ့က အာဖရိကတိုက် အနောက်မြောက်ပိုင်းအယ်လ်ခိုင်ဒါအဖွဲ့ဟု အမည်ပြောင်းလိုက်သည်။

အတွေ့အကြုံရှိ

လွတ်လပ်ရေးတိုက်ပွဲတွင် ကိုယ်တိုင်ပါဝင်ဆင်နွှဲခဲ့သူ သမ္မတဘူတီဖလီကာသည် ၁၉၇၉ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးအဖြစ် ၁၆နှစ်ကြာ အတွေ့အကြုံရှိသူဖြစ်သည်။

စွမ်းအင်တင်ပို့မှုအပေါ် မှီခိုမှု၊ အလုပ်လက်မဲ့ဦးရေများပြားမှု စသော အခက်အခဲများကို မှန်ကန်စွာဖြေရှင်းရင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်သည်နှင့်အမျှ ဤနိုင်ငံ၏ အနာဂတ်ရေးမှာ တောက်ပလာနိုင်မည်ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက် **တိုး ရေးသားသည်**

အယ်ဂျီးရီးယားနိုင်ငံ ပိုင်နက်နယ်မြေ၏ ငါးပုံလေးပုံမှာ ဆာဟာရသဲကန္တာရ ဖုံးလွှမ်းလျက်ရှိ၊ ၁၉၅၀ ပြည့်လွန်နှစ်များက ဤနိုင်ငံ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့သိုက်များ တွေ့ရှိ၊ သို့သော် ပြည်သူအများစုသည် မြောက်ဘက်ကမ်းခြေတစ်လျှောက်တွင် နေထိုင်၊ ဤနိုင်ငံက ဥရောပသို့ သဘာဝဓာတ်ငွေ့များရောင်းချပေး၊ ၁၇ရာစုနောက်ပိုင်း အာဖရိကကို အာရပ်များ တိုက်ခိုက်သိမ်းပိုက်ခြင်းမပြုမီက ဤနိုင်ငံ၌ ဘာဘာလူမျိုးစုတို့ အခြေချနေထိုင်ကြ၊ ဘာဘာလူမျိုးတို့သည် အာရပ်တို့၏ ဩဇာလွှမ်းမိုးမှုကို ခုခံတွန်းလှန်လိုက်ကြ၊ တောတောင်ထူထပ်သည့် ဒေသများတွင် နေထိုင်ကြပြီး လူဦးရေ ၃၀ရာခိုင်နှုန်းရှိ။

ရန်ကုန်မြို့ကို နိုင်ငံတကာအဆင့်မီ မြို့တော်ဖြစ်လာအောင် ရည်မှန်းချက်ထားပြီး အားကြိုးမာန်တက် ဆောင်ရွက်

ရန်ကုန် မေ ၂

ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးဦးစီးကော်မတီ နာယက ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဧပြီ ၃၀ရက် မွန်းလွဲ ၂ နာရီက မြို့တော်ခန်းမရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပသည့် ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးဦးစီးကော်မတီ အစည်းအဝေး (၇/၂၀၀၉)သို့ တက်ရောက် အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

အားကြိုးမာန်တက်

ရှေးဦးစွာ ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးဦးစီးကော်မတီ နာယက ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားရာ၌ ရန်ကုန်မြို့သည် စီးပွားရေးမြို့တော်ဖြစ်သည်နှင့်အညီ နိုင်ငံတကာအဆင့်မီ မြို့တော်ဖြစ်လာအောင် ရည်မှန်းချက်ထားပြီး ဆောင်ရွက်သွားရမည်ဖြစ်ရာ ကော်မတီများအားလုံးက အားကြိုးမာန်တက် ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က လိုအပ်သည်များကို ရှင်းလင်းတင်ပြကြသည်။

လုပ်ငန်းကော်မတီများမှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများက မိမိတို့ကော်မတီအလိုက် ဆောင်ရွက်ပြီးစီးမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **(သတင်းစဉ်)**

စိမ်းလဲ့ရွှေပြည်သတင်းဂျာနယ် အတွဲ(၆)၊ အမှတ်(၁၁)ထွက်ပြီ

ရန်ကုန် မေ ၂

ရွေးကောက်ပွဲအကြို ဆွေးနွေးခန်းပါဝင်သည့် ယခုအပတ် သတင်းဂျာနယ်တွင် ဝါးခယ်မမြို့မှ နံ့ကားစပါးမှ အဆင့်မြင့်ဇီယာဆန်အဖြစ် တင်ပို့ရေး၊ ပြည်ပဝယ်လက်ကြိုက် ကကတစ်များ သားဖောက်မွေးမြူပြီ၊ (၁၇)ကြိမ်မြောက် ကူမင်းကုန်စည်ပြပွဲ ဇွန်လတွင်ကျင်းပမည်၊ မြိတ်ရော်ဘာဈေးကွက် RSS-၃ ဈေးအနည်းငယ်တက်၊ အင်ဒိုနီးရှားဆန်တန်ချိန် သုံးသန်း သို့လှောင်ရန် ဆန်တင်ပို့မှု လျှော့ချမည်၊ တရုတ်ပြည်တွင် ယွမ်ငွေ ၁၀၀ တန် အတုများထွက်ပေါ်၊ ဂျပန်နိုင်ငံရဲ့ပို့ကုန်တင်ပို့မှု တစ်ဝက်ခန့်ကျဆင်း၊ ပါကစ္စတန်မှ တရုတ်မျိုးစပ် ဆန်နည်းပညာများအသုံးပြုလို စသည့် ပြည်တွင်းပြည်ပစီးပွားရေးသတင်းများ၊ သတင်းစာပညာဖြင့် ထမ်းဆောင်ခွင့်ရခဲ့သည့် တာဝန်၊ အိုဘယ့်သတ္တိရှင်၊ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာ၊ ဖက်စ်မပို့ဘဲ လက်တို့ပြီး ဖိတ်ခေါ်လိုက်မယ်၊ ရင့်ကျက်မှု၊ နိုင်ငံရေးစာပေ (သို့မဟုတ်) မှတ်တမ်းပြုရန်ကျန်ခဲ့သည့် သတင်းတစ်ပုဒ်အစရှိသည့် သုတ၊ ရသ သတင်းဆောင်းပါး၊ ဝတ္ထုများနှင့်အတူ သဘောတွေ့မယ့် အသောအထွေများ ဖော်ပြထားသည်။

အဆိုပါဂျာနယ်ကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ကုန်သည်လမ်းရှိ စာပေဗိမာန်၊ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ပန်းရွှေပြည်စာအုပ်ဆိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်တို့၌ ဝယ်ယူရရှိနိုင်ပြီး ဆက်သွယ်ရန်နှင့် စာမူပေးပို့ရန် လိပ်စာမှာ အမှတ်(၈) ပန်းခြံတာဝါ ဒုတိယထပ် ဓမ္မစေတီလမ်းနှင့် ဗားကရာလမ်းထောင့် မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၃၈၃၀၂ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ ဧရိယာအတွင်း ဆက်သွယ်ရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်စေရေး ညှိနှိုင်းစည်းဝေး

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက်ဆွေးနွေး မှာကြား

ရန်ကုန် မေ ၂

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဧပြီ ၂၈ရက်က ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ အမြန်စာပို့လုပ်ငန်း အစည်းအဝေးခန်းမ၌ကျင်းပသည့် ကွန်ပျူတာသုံး မြန်မာဘာသာပြန်စနစ် တည်ဆောက်ရေးလုပ်ငန်းအဖွဲ့နှင့် ရန်ကုန်မြို့ ဧရိယာအတွင်း ဆက်သွယ်ရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ပန်းဘဲတန်းအော်တိုအိတ်ချိန်းနှင့် သဃ်န်းကျွန်း အော်တိုအိတ်ချိန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ဧပြီ ၂၉ရက်က မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ပြည်ပဆက်သွယ်ရေးစခန်းနှင့် မြောက်ဥက္ကလာပ အော်တိုအိတ်ချိန်းတို့သို့ သွားရောက်စစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ပြည်ပဆက်သွယ်ရေးစခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာနလုပ်ငန်းညှိနှိုင်း ဝန်ကြီးဒေါက်တာချမ်းငြိမ်း အမှာစကားပြောကြား

နေပြည်တော် မေ ၂

ပညာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၈ရက် နံနက် ၈နာရီခွဲက နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းတက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့် ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် အဖွဲ့များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဥက္ကဋ္ဌများ၊ ပါမောက္ခချုပ်များ၊ ပြည်နယ်နှင့်တိုင်း ပညာရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အမှာစကားပြောကြားပြီး အဆင့်မြင့်ပညာရေးကဏ္ဍနှင့် စပ်လျဉ်း၍ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များက တင်ပြကြရာ ညွှန်ကြားရေးမှူးချုပ်များက ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၉ ရက်က နံနက်ပိုင်းက ဆက်လက်ကျင်းပရာ အခြေခံပညာရေးကဏ္ဍနှင့်စပ်လျဉ်း၍ ပြည်နယ်နှင့်တိုင်း ပညာရေးမှူးများက တင်ပြကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များက မိမိတို့ဌာနအလိုက် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက ဆွေးနွေးတင်ပြသည်။

မှာကြား

ထို့နောက် ဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ ပညာရေးဆိုင်ရာ လုပ်ငန်းလမ်းညွှန်ချက်(၅)ရပ်နှင့်အညီ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်သွားကြရန် မှာကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင် စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဖွင့်

ရန်ကုန် မေ ၂

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း(၁/၂၀၀၉)ဖွင့်ပွဲအခမ်းအနားကို ဧပြီ၂၇ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးငွေကျော်က အဖွင့်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

တက်ရောက်

အဆိုပါအခမ်းအနားသို့ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းခင်နှင့် မြို့နယ်ဦးစီးမှူးများ၊ သင်တန်းသားများ တက်ရောက်ကြပြီး သင်တန်းသား ဦးရေမှာ ၄၅ဦးဖြစ်ပြီး သင်တန်းကာလ သုံးရက်ကြာမြင့်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အချက်အပြုတ်နှင့် မုန့်လုပ်နည်း သင်တန်းဖွင့်

ရန်ကုန် မေ ၂

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် အချက်အပြုတ်နှင့် မုန့်လုပ်နည်း သင်တန်းဖွင့်ပွဲကို ဧပြီ၂၈ရက် မွန်းလွဲ၁၂နာရီခွဲက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန လူမှုဝန်ထမ်းအတတ်သင် သိပ္ပံကျောင်း၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့က မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာနှင့် အိမ်တွင်းမှုအတတ်ပညာအကြောင်းကို ရှင်းလင်းပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးသည်။

အဆိုပါ သင်တန်းသို့ မရမ်းကုန်းမြို့နယ်မှ အမျိုးသမီးသင်တန်းသူ ၅၀ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးခြားသည့် နေ့အပူချိန်များ

(၂-၅-၂၀၀၉)

မင်းဘူး	၄၃ ဒီဂရီစင်တီဂရိတ်
ကလေးဝ	၄၂ ဒီဂရီစင်တီဂရိတ်
မုံရွာ	၄၂ ဒီဂရီစင်တီဂရိတ်
မြင်းခြံ	၄၂ ဒီဂရီစင်တီဂရိတ်
ညောင်ဦး	၄၂ ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂-၅-၂၀၀၉)

ဟုမ္မလင်း	၀ ဒသမ ၇၅ လက်မ
မိုင်းဆတ်	၀ ဒသမ ၆၃ လက်မ
ဗန်းမော်	၀ ဒသမ ၅၉ လက်မ

လူတွင်ဖြစ်ပွားသော ဝက်တုပ်ကွေးရောဂါမှ ကမ္ဘာ့လူတုပ်ကွေးရောဂါဖြစ်နိုင်သဖြင့် မြန်မာနိုင်ငံသို့ ကူးစက်မှုမရှိစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက လိုအပ်သော ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မေ ၂ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဝင်ရောက်လာသော ခရီးသည်များအား ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိစဉ်။ (သတင်းစဉ်)

လူတွင်ဖြစ်ပွားသော ဝက်တုပ်ကွေးရောဂါမှ ကမ္ဘာ့လူတုပ်ကွေး ရောဂါဖြစ်နိုင်သဖြင့် မြန်မာနိုင်ငံသို့ ကူးစက်မှုမရှိစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက လိုအပ်သော ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မေ ၂ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဝင်ရောက်လာသော ခရီးသည်များအား ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

ဝက်တုပ်ကွေးရောဂါ SWINE FLU သတိပေးနှိုးဆော်ချက်

၁။ **လူတွင်ဖြစ်ပွားနေသော ဝက်တုပ်ကွေးရောဂါ။** ၂၀၀၉ခုနှစ် ဧပြီလ ၁၇ရက်မှ ယနေ့အထိ မက္ကဆီကို၊ အမေရိကန်၊ ကနေဒါ၊ နယူးဇီလန် စသည့် နိုင်ငံများတွင် ဝက်တုပ်ကွေးရောဂါ(Swine Flu)သည် လူများသို့ ကူးစက်ပျံ့နှံ့ခဲ့ရာ လူ၁၆၀ သေဆုံးခဲ့ပါသည်။

၂။ **ဝက်၌ တွေ့ရှိရသော ဝက်တုပ်ကွေးရောဂါသဏ္ဌာန်လက္ခဏာများ။** ဝက်၌ တုပ်ကွေးရောဂါဖြစ်ပွားပါက ရုတ်တရက် ဖျားနာခြင်း၊ ငေးမှိုင်ခြင်း၊ ချောင်းဆိုးခြင်း၊ နှာရည်၊ မျက်ရည်ကျခြင်း၊ နှာချေခြင်း၊ အသက်ရှူကျပ်ခြင်း၊ မျက်လုံးနီခြင်း၊ ရောင်ခြင်း၊ အစာမစားခြင်း စသည့် တုပ်ကွေးလက္ခဏာများ တွေ့ရှိရကြောင်း၊ ရာသီဥတုအပြောင်းအလဲကြောင့်ဖြစ်တတ်သော အအေးမိခြင်းနှင့် အခြား ဝက်ဖျားနာရောဂါများတွင်လည်း ဤရောဂါလက္ခဏာ တွေ့ရှိရကြောင်း။

၃။ **ဝက်တုပ်ကွေးရောဂါကာကွယ်တားဆီးရေး လိုက်နာဆောင်ရွက်ရန်အချက်များ-**

(က) ဝက်များ၌ ဖျားနာရောဂါလက္ခဏာများတွေ့ရှိပါက လူများနှင့် နီးစပ်မှုမရှိစေဘဲ သီးခြားထားရှိရန်နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ သတင်းပို့ရန်။

(ခ) စီးပွားဖြစ် ဝက်ကောင်ရေများများ မွေးမြူသည့်လုပ်ငန်းများ၌ ဇီဝလုံခြုံရေးမြှင့်တင် မွေးမြူသွားရန်။

(ဂ) ဝက်ခြံလုပ်ငန်းဆောင်ရွက်ပြီးတိုင်း ခြေ/လက်သန့်ရှင်းရေး စနစ်တကျစင်ကြယ်အောင် ဆေးကြောရန်။

(ဃ) မကျန်းမာသောဝက်များ ပြုစုစောင့်ရှောက်သည့်အခါ နှာခေါင်း၊ ပါးစပ်အကာ၊ လက်အိတ်များ အသုံးပြု ကိုင်တွယ်သွားရန်။

(င) မကျန်းမာသော ဝက်များအား ဈေးကွက်သို့ ရောင်းချခြင်း မပြုရန်။

(စ) မူရင်းဇာစ်မြစ်မသိသော ဝက်များကို မွေးမြူခြင်း မပြုရန်၊ အထူးသဖြင့် တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသည့် ဝက်များကို မွေးမြူခြင်း မပြုရန်။

(ဆ) ဝက်သားနှင့် ဝက်သားထွက်ပစ္စည်းများ သေချာစွာ ကိုင်တွယ်ချက်ပြုတ်စားသောက်ပါက ရောဂါမကူးစက်နိုင်ကြောင်း၊ အပူရှိန် ၇၀˚ C အထက် ချက်ပြုတ်ထားပါက ဗိုင်းရပ်စ်သေဆုံးနိုင်ပါကြောင်း။

၄။ **ဝက်တုပ်ကွေးရောဂါကာကွယ်တားဆီးရေး။** မြန်မာနိုင်ငံအတွင်း ဝက်များ၌ ဝက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုမရှိပါသဖြင့် တစ်နိုင်ဝက်မွေးမြူသူများ၊ စီးပွားဖြစ် ဝက်မွေးမြူရေးလုပ်ငန်းရှင်များနှင့် ပြုပြင်ထုတ်လုပ်ရောင်းချသူများသည် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ စည်ပင်သာယာရေးအဖွဲ့၊ ဒေသအာဏာပိုင်အဖွဲ့အစည်းတို့နှင့် ဝက်တုပ်ကွေးရောဂါမဖြစ်ပွားရေး၊ ကာကွယ်တားဆီးရေး ပူးပေါင်းဆောင်ရွက်သွားပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

ကမ္ဘာ့လူတုပ်ကွေးရောဂါ ကာကွယ်ရေးသတိပေး နှိုးဆော်ချက်

၁။ ၂၀၀၉ခုနှစ် ဧပြီလ ၁၇ရက်မှ ယနေ့အထိ မက္ကဆီကို၊ အမေရိကန်၊ ကနေဒါ၊ နယူးဇီလန် စသည့် နိုင်ငံများတွင် ဝက်တုပ်ကွေးရောဂါ (Swine Flu) သည် လူများသို့ ကူးစက်ပျံ့နှံ့ခဲ့ရာ လူ ၁၆၀ သေဆုံးခဲ့ပါသည်။

၂။ ယခု ဖြစ်ပွားနေသောရောဂါသည် ဗိုင်းရပ်စ်ပိုးအသစ်တစ်မျိုးကြောင့် ဖြစ်ပွားခြင်းဖြစ်ပြီး ဗိုင်းရပ်စ်မျိုးရိုးဗီဇ လေးမျိုးပေါင်းထားသော ပိုးအသစ်ဖြစ်သဖြင့် ကျယ်ပြန့်စွာ ကူးစက်ပျံ့နှံ့နိုင်သည်ကို သတိပြုရန်လိုအပ်ပါသည်။ ယခုအခါ နိုင်ငံအချို့တွင် ဖြစ်ပွားလျက်ရှိကြောင်းနှင့် ဤရောဂါကို နိုင်ငံတကာဆိုင်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကြေညာထားပါသည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကြက်၊ ငှက်တုပ်ကွေးမှတစ်ဆင့် လူများသို့ ကူးစက်မှုမရှိစေရေးအတွက် ရောဂါကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယခုအခါ အခြားနိုင်ငံများတွင် ဝက်တုပ်ကွေးမှတစ်ဆင့် လူများသို့ ရောဂါကူးစက်မှုရှိလာသဖြင့် အဆိုပါရောဂါ မြန်မာနိုင်ငံသို့ ဝင်ရောက်ကူးစက်ပျံ့နှံ့ခြင်း မရှိရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆက်စပ်ဆောင်ရွက်လျက်ရှိပါသည်။

၃။ ဝက်တုပ်ကွေးရောဂါ (Swine Flu)၏ လက္ခဏာများသည် ကိုယ်ပူခြင်း၊ နှာရည်ယိုခြင်း၊ နှာချေချောင်းဆိုးခြင်း၊ ကိုယ်လက်မအီမသာဖြစ်၍ ကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အသက်ရှူကျပ်ခြင်းတို့ဖြစ်ပြီး အခြားသော တုပ်ကွေးရောဂါလက္ခဏာများနှင့်လည်း တူညီပါသည်။ ထိုရောဂါလက္ခဏာများဖြစ်ပွားပါက လုပ်ငန်းခွင်၊ ကျောင်း စသည့် လူစုလူဝေးနေရာများသို့ မသွားရောက်ဘဲ မိမိတို့နေအိမ်တွင်သာ အနားယူရန်၊ လိုအပ်လျှင် နီးစပ်ရာကျန်းမာရေးဆေးခန်းများသို့ ဆက်သွယ်၍ ကုသမှုကို ခံယူရန်၊ အဖျားကြီးခြင်း၊ ချောင်းဆိုးကြာရှည်ခြင်း၊ အသက်ရှူခက်ခဲ၍ မောပန်းခြင်း စသည့် ရောဂါပြင်းထန်သော လက္ခဏာများ ခံစားရပါလျှင် ဆေးရုံသို့ ချက်ချင်းပြသ၍ ကုသမှုခံယူရန်၊ ဆေးရုံ၊ ဆေးခန်းများသို့ ကုသရန်သွားရောက်ရာတွင်လည်း အခြားလူများသို့ ကူးစက်မှုမှ ကာကွယ်ရန်အတွက် နှာခေါင်းစည်းများ (Surgical Masks) တပ်ဆင်ရန် လိုအပ်ပါသည်။

၄။ ဤရောဂါသည် လူမှလူသို့ ကူးစက်လျက်ရှိသည်ကို တွေ့ရပါသဖြင့် ယခင် ဆားစ်အဆုတ်ရောင် ရောဂါဖြစ်ပွားသကဲ့သို့ ကမ္ဘာ့နိုင်ငံ အနှံ့အပြားသို့ လျင်မြန်စွာ ကူးစက်ပြန့်ပွားနိုင်ပြီး ကပ်ရောဂါအသွင်သို့ ဖြစ်လာနိုင်ပါသည်။ သို့ဖြစ်၍ ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များကို သတိပြုလိုက်နာ ကျင့်သုံးကြရန် နှိုးဆော်အပ်ပါသည်-

(က) နှာချေ၊ ချောင်းဆိုးလျှင် လက်ကိုင်ပဝါဖြင့် ဖုံးအုပ်ခြင်း။

(ခ) လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်း။

(ဂ) တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုပြုဆောင်ရွက်ခြင်း။

(ဃ) ကောင်းစွာ အိပ်စက်အနားယူခြင်း။

(င) အာဟာရပြည့်ဝသည့် အစားအစာများ စားသုံးခြင်း။

(စ) ကိုယ်လက်လှုပ်ရှားမှု မှန်မှန်ပြုလုပ်ခြင်း။

(ဆ) လေကောင်းလေသန့် ရရှိအောင် ဆောင်ရွက်နေထိုင်ခြင်း။

၅။ တုပ်ကွေးရောဂါဖြစ်ပွားသူများနှင့် ရောဂါဖြစ်သည်ဟု သံသယရှိသူများသည် အခြားလူများသို့ ရောဂါကူးစက်မှုအား ကာကွယ်နိုင်ရန်လည်းကောင်း၊ လူနာအား စောင့်ရှောက်သူများသည် မိမိတို့ထံ ရောဂါကူးစက်ခြင်း မရှိစေရန်လည်းကောင်း နှာခေါင်းနှင့် ပါးစပ်တို့ကို ဖုံးအုပ်နိုင်သည့် နှာခေါင်းစည်းများ (Surgical Masks) တပ်ဆင်ကြရန် လိုအပ်ပါသည်။

၆။ ကျန်းမာရေးဝန်ကြီးဌာနသည် အဆိုပါတုပ်ကွေးရောဂါ အခြားနိုင်ငံများမှ မြန်မာနိုင်ငံသို့ ကူးစက်ရောက်ရှိမလာစေရေးနှင့် တုပ်ကွေးရောဂါဖြစ်ပွားပါကလည်း လိုအပ်သောဆေးကုသရေးများအတွက် ဆောင်ရွက်ထားရှိပါသည်။ နိုင်ငံအချို့၌ ဖြစ်ပွားလျက်ရှိသော ကမ္ဘာ့လူတုပ်ကွေးရောဂါနှင့်ပတ်သက်၍ ပြည်သူများသိရှိရန် အချက်အလက်များကို လိုအပ်ပါက အချိန်နှင့်တစ်ပြေးညီ ဆက်လက်အသိပေးသွားမည်ဖြစ်ပြီး ပြည်သူများကလည်း ကျန်းမာရေးဝန်ကြီးဌာန၏ နှိုးဆော်ချက်အတိုင်း လိုက်နာဆောင်ရွက်ကြရန် အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

✳ *ကျောဖုံးမှ*

သင်တန်းကျောင်း

မြန်မာ့အလင်း သတင်းအဖွဲ့ ဖလမ်းမြို့သို့ ရောက်သည်နှင့် ဖလမ်းမြို့မှ တာဝန်ရှိသူများ၏ စီစဉ်ပေးမှုဖြင့် နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းသို့ သွားရောက်လေ့လာခဲ့ကြသည်။

ဖလမ်းမြို့ ကျင်မွယ်ရပ်ကွက်အတွင်း ဆောက်လုပ်ထားသော နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ မိနစ်ပိုင်းအတွင်း ရောက်ရှိသွားရာ ခံ့ညား သပ်ရပ်စွာ တည်ဆောက်ထားသော အဆောက်အအုံအဖြစ် မြင်တွေ့ရသည်။

မိမိတို့ သတင်းအဖွဲ့ ကျောင်းအတွင်းသို့ ဝင်ရောက်သွားသည့်အခါ ကျောင်းအုပ်ကြီး ဦးအောင်မြင့်နှင့် တွေ့ဆုံပြီး သိလိုသည်များကို မေးမြန်းခဲ့ရာ "ဒီသင်တန်းကျောင်းကို ၂၀၀၄ခုနှစ် ဇွန်၃၀ရက်မှာ စတင်ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။ ၂၀၀၈-၂၀၀၉ပညာသင်နှစ်အတွက်ကျောင်းသားဦးရေ ၂၃ဦးရှိပြီး ကျောင်းသားတစ်ဦးကို စားစရိတ်အပြင်တစ်နှစ်ကို ကျောင်းဝတ်စုံ နှစ်စုံ၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ စာရေးကိရိယာတွေကို ဖြည့်ဆည်းပေးပါတယ်။ နောက်ပြီးသံသေတ္တာ၊အိပ်ရာအသုံးအဆောင်များလည်း ထောက်ပံ့ပေးထားပါတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

အဆောက်အအုံ

သင်တန်းကျောင်းအဆောက်အအုံများကို လေ့လာကြည့်ရာ အလျားပေ၈၀၊ အနံ ပေ၃၀ရှိသည့် တစ်ထပ်အိပ်ဆောင်၊ အလျားပေ ၆၀၊ အနံပေ၃၀ရှိသည့် စားရိပ်သာဆောင်နှင့်တွဲလျက် မီးဖိုချောင်၊ အလျားပေ ၁၂၀၊ အနံပေ ၃၀ရှိသည့် ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာ၊ အလျားပေ ၄၀၊ အနံ၃၂ပေရှိသော အုပ်ချုပ်ရေးမှူးရုံးခန်းစသည့် အဆောက်အအုံများကို ငွေကျပ်၄၉၄သိန်းကျော် အကုန်အကျခံကာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာနက တည်ဆောက်ပေးခဲ့ခြင်း ဖြစ်သည်။

"ကျွန်တော်က တီးတိန်မြို့မှာရှိတဲ့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှာ ကျောင်းအုပ်အဖြစ် ငါးနှစ်တာဝန်ထမ်းဆောင်ခဲ့ပြီး ဒီသင်တန်းကျောင်းကို ၂၀၀၈-၂၀၀၉ စာသင်နှစ်မှာ ကျောင်းအုပ်အဖြစ် ရောက်ရှိလာတာပါ။ ဒီသင်တန်းကျောင်းမှာ သင်တန်းသားတွေဟာ နံနက် ၅နာရီ အိပ်ရာထ၊ ၆နာရီမှာ ဘုရားကျောင်းဝင်၊ ၆နာရီခွဲမှာ ကိုယ်လက် လေ့ကျင့်ခန်းလုပ်ပြီး သင်တန်း တက်ရပါတယ်" ဟု ကျောင်းအုပ်ကြီး ဦးအောင်မြင့်က ပြောကြားသည်။

နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ဖလမ်း) ကျောင်းအုပ်ဆရာကြီး ဦးအောင်မြင့် ရှင်းလင်းပြောကြားစဉ်။
(မြန်မာ့အလင်း)

သင်တန်းကျောင်း တစ်ထပ်အိပ်ဆောင်ကို ဤသို့တွေ့ခဲ့ရသည်။
(မြန်မာ့အလင်း)

လက်တွေ့ဆည်းပူး

သင်တန်းသားများသည် နံနက် ၉နာရီမှ၁၁နာရီအထိ စာသင်ကြားရပြီး နံနက်၁၁နာရီနှင့် မွန်းတည့် ၁၂နာရီအကြား ထမင်းစားချိန် သတ်မှတ်ထားသည်။ မွန်းလွဲ ၁၂နာရီခွဲ၌ ကျောင်းပြန်တက်ပြီး ညနေ၃နာရီခွဲ၌ အိပ်ဆောင်သို့ ပြန်လည်ရောက်ရှိသည်။ သင်တန်းကျောင်းဝင်းအတွင်း သီးပင်စားပင် ၁၈မျိုး စိုက်ပျိုးထားသဖြင့် စိုက်ပျိုးရေး နည်းစနစ်များကိုလည်း လက်တွေ့လေ့လာ ဆည်းပူးနိုင်ကြသည်။ ထို့အပြင် သီတင်းအပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း အဆင့်မြင့်ယဉ်ကျေးမှု ဘာသာရပ်ကို သင်တန်းတစ်ချိန်လျှင် မိနစ်၅၀ဖြင့် တစ်နေ့သုံးချိန်၊ ပြည်ထောင်စုစိတ်ဓာတ် ဘာသာရပ်ကို တနင်္ဂနွေနေ့တိုင်း တစ်ချိန်လျှင် မိနစ်၅၀ဖြင့် တစ်နေ့နှစ်ချိန်သင်ကြားရကြောင်းသိရသည်။

နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးသင်တန်း ကျောင်း (ဖလမ်း)အိပ်ဆောင်၌ အိပ်ရာခင်းများကို သေသပ် ညီညာစွာ ထားရှိသည်ကို ဤသို့တွေ့ခဲ့ရသည်။
(မြန်မာ့အလင်း)

မိမိတို့ သတင်းအဖွဲ့ သင်တန်းကျောင်းသို့ ရောက်ရှိချိန်သည် သင်တန်း နားရက်များ ဖြစ်သဖြင့် သင်တန်းသားများ မတွေ့ခဲ့ရချေ။ ထို့ကြောင့် နယ်စပ်ဒေတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းဆင်းတစ်ဦးဖြစ်သည့် အသက်၂၈နှစ်အရွယ်ရှိ ကိုရှိန်းတပ်နှင့်တွေ့ဆုံမေးမြန်းခဲ့ရာ "ကျွန်တော်က မန္တလေးမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းက ၂၀၀၀-၂၀၀၁ခုနှစ်မှာ သင်တန်းဆင်းခဲ့တာပါ။ အခုတော့ ဟားခါးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံးမှာ ရုပ်/သံကျွမ်းကျင်(၃)ရာထူးနဲ့ တာဝန်ထမ်းဆောင် နေပါတယ်။ ကျွန်တော် သင်တန်းသားဘဝမှာ ကိုယ့်ရပ်ရွာပြန်တဲ့အခါ ဆွေမျိုးတွေက အလွန်ဂုဏ်ယူကြတယ်။ အခုဆိုရင် နိုင်ငံ့ဝန်ထမ်း တစ်ဦးလည်း ဖြစ်နေပါပြီ"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

ထိုသို့သော သင်တန်းဆင်းလူငယ်များ၏ အောင်မြင်ဖြစ်ထွန်းမှုများကို မြင်တွေ့ရခြင်းကြောင့်ပင် မိဘများအနေဖြင့် မိမိတို့၏ သားသမီးများအား နိုင်ငံတော်အတွက် အဖိုးတန်သည့် မျိုးဆက်သစ်များ ဖြစ်လာစေရေး နိုင်ငံတော်မှ ဖွင့်လှစ်ပေးထားသည့် နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းများသို့ စေလွှတ်ကာ တက်ရောက် ပညာသင်ကြားစေသင့်ပေသည်။

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ဖလမ်း) စားရိပ်သာဆောင်ကို ဤသို့တွေ့ရသည်။
(မြန်မာ့အလင်း)

အကျိုးကျေးဇူး

သင်တန်းကျောင်းမှ ဖလမ်းမြို့တွင်းသို့ ပြန်လာစဉ် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ခိုင်မာစေပြီး ပြည်ထောင်စုစိတ်ဓာတ်ကိုရင့်သန်စေမည့် နိုင်ငံတော်မှ ဖွင့်လှစ်ပေးထားသည့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းများ၏ အကျိုးကျေးဇူးများကို တွေးရင်း ဖွံ့ဖြိုးတိုးတက် လာတော့မည့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ၏ ဘဝရှေ့ရေးကို မြင်ယောင်နေမိပါတော့သည်။ ။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃-၅-၂၀၀၉ ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အတီးပြိုင်ပွဲ
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ **ပျော်ရွှင်ကျန်းမာ သန့်စင်သောအစာ** ဆုပန်ထွာ၊ ပွင့်၊ ဝွမ်းပုံကြီး၊ ဟဲဗီးဖြိုး (ဒါရိုက်တာ-ကြည်စိုးထွန်း)
- ၈:၁၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၂၀ ၈။ မြန်မာ့ကျောက်မျက်ရတနာများဖြင့် ဖော်ကျူးထားတဲ့ မြန်မာ့ကျောက်မျက်ရတနာပြတိုက်
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **အားကိုးချစ်သူ ကျေးတောသူ** (အပိုင်း-၄၂)
- ၁၂:၃၀ ၅။ Golf Magazine(TV)
- ၁၂:၅၀ ၆။ **သက်စွန့်ဆံဖျား** နေထက်လင်း၊ စိုင်းစိုင်းခမ်းလှိုင်၊ ထွန်းထွန်း (Examplez) ဆုပန်ထွာ၊ ပုလဲဝင်း (ဒါရိုက်တာ-မလိခစိုးထိုက်အောင်)
- ၁၄:၁၅ ၇။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၁၄:၂၅ ၈။ အဆိုပြိုင်ပွဲ
- ၁၄:၃၅ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၁၄:၄၅ ၁၀။ International News
- ၁၅:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ အကပြိုင်ပွဲ
- ၄:၃၀ ၄။ **အဆုံးအဖြတ်** ခန့်စည်သူ၊ ၄ က်ပျောကြော်၊ အေးမြတ်သူ၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
- ၄:၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(အရှေ့တိုင်းပညာ အထူးပြု) (အရှေ့တိုင်းပညာ)
- ၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၁၀ ၇။ သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်
- ၅:၂၀ ၈။ ဆိုကြမယ်၊ပျော်ကြမယ်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၂၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၂၅ ၁၁။ ကာတွန်းအစီအစဉ် (Pocket Dragon Adventure)
- ၆:၅၅ ၁၂။ တစ်မျက်နှာ တစ်ကွက်စာ **မျှော်လင့်ချက်** ဒိန်းဒေါင်၊ ရာဇာပေါက်စီ (ဒါရိုက်တာ-ထင်ထင်း)
- ၇:၁၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့သက်ထား** (အပိုင်း-၁၀)
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ ကာတွန်းအစီအစဉ် **ဒိုင်နိုဆောမိသားစု စွန့်စားခန်း** (အပိုင်း-၄)
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကျေးဇူးတင်ပါတယ်** (အပိုင်း-၇)
- ၁၉။ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံ မြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်

ရန်ကုန် မေ ၂

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မေလ၏ပျမ်းမျှ အပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့်နေ့အပူချိန်များမှာ မင်းဘူးမြို့တွင် ၄၃ဒီဂရီစင်တီဂရိတ်၊ ကလေးဝမြို့၊ မုံရွာမြို့၊ မြင်းခြံမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့နှင့် မကွေးမြို့တို့တွင် ၄၂ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဟုမ္မလင်းမြို့တွင် ဝဒသမ၇၅လက်မ၊ မိုင်းဆတ်မြို့တွင် ဝဒသမ၆၃လက်မနှင့် ဗန်းမော်မြို့တွင် ဝဒသမ ၅၉ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မေ ၃ရက် ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်း တိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ မြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

● *ရှေ့ဖုံးမှ*

ရွာသစ်

ပြီးခဲ့သည့်နှစ်က နာဂစ်မုန်တိုင်းဒဏ်ကြောင့် ကဒုံကနီအနီး ကျွန်းသာယာရွာမှာ ပျက်စီးဆုံးရှုံးမှုအတိဖြစ်ခဲ့သည်။နေအိမ်များအားလုံးနီးပါး ပြိုကျပျက်စီးခဲ့သဖြင့် ယခုအခါ ကဒုံကနီကျေးရွာ အနီးတွင် နေအိမ် ၁၂၄ လုံးကို ရွာသစ် ပြန်လည်ထူထောင်တည်ဆောက်ပေးထားခြင်းဖြစ်သည်။

တည်ဆောက်ထား

နေအိမ်များအလိုက် သွပ်မိုး၊ ပျဉ်ကာ၊ပျဉ်ခင်းများဖြစ်ပြီး သဘာဝဘေးဒဏ်ခံနိုင်ရန်လည်း တည်ဆောက်ထားခြင်းဖြစ်သည်။ ခြံစည်းရိုးများ စနစ်တကျကာရံထားပြီး အိမ်တိုင်းယင်လုံအိမ်သာများတွဲဖက်တည်ဆောက်ပေးထားသည်။

အဆင့်မီ

ရာသီအလိုက် သီးနှံပင်များ စိုက်ပျိုးထားသဖြင့် အိမ်ဝန်းကျင်တွင်သီးပင်စားပင်များမြင်တွေ့ရသည်။ အချို့အိမ်များက အိမ်ဈေးဆိုင် ဖွင့်လှစ်ကာ ရောင်းချနေကြပြီး ဝယ်ယူသူအချို့ကိုလည်း မြင်တွေ့ရသည်။ ထို့အတူ စာသင်ကျောင်းနှင့် ကျန်းမာရေး ဆေးပေးခန်းများ တည်ဆောက်ပြီးဖြစ်ရာ အဆင့်မီကျေးရွာ တစ်ရွာအဖြစ် ရောက်ရှိနေပြီဖြစ်သည်။

ကဒုံကနီအိမ်ရာကို လိုက်လံလေ့လာရာ မိသားစုအလိုက်ပျော်ရွှင်စွာနေသားတကျနေထိုင်လျက်ရှိသည်ကို မြင်တွေ့ရသဖြင့် ယခင်ကထက်ပိုမိုအဆင်ပြေသော လူမှုဘဝနေထိုင်မှုကိုဖန်တီးပေးနိုင်ခဲ့ပြီဟု ခံစားနားလည်ခဲ့ရသည်။ ကဒုံကနီအိမ်ရာကို ဒဂုံအင်တာနေရှင် နယ်ဆောက်လုပ်ရေးအဖွဲ့မှတာဝန်ယူ ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်သည်။

ဖျာပုံခရိုင် ကဒုံကနီတိုက်နယ်ဆေးရုံလည်း ဤသို့အပြီးသတ် ပြင်ဆင် တည်ဆောက်ပြီးခဲ့ပြီဖြစ်သည်။ (မြန်မာ့အလင်း)

ထို့နောက် ရေကျော်ကြီးအိမ်ရာတည်ရှိရာသို့ ဆက်လက်ထွက်ခွာခဲ့သည်။ ဇရာကျေးရွာ မြောက်ဘက် ရေကျော်ကြီး ချောင်းနံဘေးတွင် တည်ရှိသောရေကျော်ကြီးအိမ်ရာတွင် နေအိမ် ၆၇လုံး တည်ဆောက်ထားသည်ကိုတွေ့ရသည်။

ရေကျော်ကြီးရွာသည် နာဂစ်မုန်တိုင်းဒီရေကြောင့် နေအိမ်များပျက်စီးခဲ့ရာမှ ယခုအခါ နိုင်ငံတော်က ယုဇနဆောက်လုပ်ရေးအဖွဲ့ကို တာဝန်ပေးလျက် နေအိမ်များကို စနစ်တကျပြန်လည်တည်ဆောက်ပေးခဲ့ခြင်း ဖြစ်သည်။ အိမ်များမှာ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းများဖြင့် တည်ဆောက်ထားရာ သပ်ရပ် ခိုင်ခံ့လှပေသည်။

ထိုမှတစ်ဆင့်ရေကျော်ကြီးရွာအနီး ဘောဂဝတီ (ရွာသာယာ) အိမ်ရာသို့ ဆက်လက် ထွက်ခွာခဲ့သည်။ ဘောဂဝတီရွာနှင့် ကပ်လျက်တည်ဆောက်ထားခြင်းဖြစ်ပြီး စုစုပေါင်း အိမ်ခြေ ၄၆လုံး ဖြစ်သည်။ အရွယ်တူ၊ ဒီဇိုင်းတူနေအိမ်များကား အဝေးမှမြင်ရသည်မှာ ပန်းချီကားတစ်ချပ်ကဲ့သို့ဖြစ်နေသည်။ နေအိမ်များကို ယုဇနဆောက်လုပ်ရေးအဖွဲ့ကပင် တာဝန်ယူ တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။

သောက်သုံးရေ

သောက်သုံးရေသန့်များကို စနစ်တကျ ဖြန့်ဖြူးပေးနေမှုကိုလည်း မြင်တွေ့ရသည်။ ကျန်းမာရေးနှင့်ညီညွတ်သည့်သောက်သုံးရေသန့်များကိုဖြန့်ဝေပေးနိုင်သဖြင့် ရေနှင့်ပတ်သက်သည့်ရောဂါများဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်ပြီဖြစ်သည်။ ဘောဂဝတီ (ရွာသာယာ) အိမ်ရာတွင်လည်း ရွာလမ်းများ ဖြောင့်ဖြူးနေပြီး နေသားကျစွာ နေထိုင်နေကြပြီကို မြင်တွေ့ရသည်။

ဆိုင်ကယ်ဖြင့် သွားလာ

ဖျာပုံခရိုင်အတွင်း ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ထားပြီဖြစ်ရာ ကျေးရွာသားများ ဆိုင်ကယ်ဖြင့် သွားလာနိုင်ကြပြီဖြစ်သည်။ (မြန်မာ့အလင်း)

ဆောက်လုပ်ပေး

ထို့နောက် ဖျာပုံမြို့ အမာမြို့နယ်ရှိ လိပ်ချောင်းကျေးရွာသို့ ဆက်လက်ထွက်ခွာခဲ့သည်။ လိပ်ချောင်းရွာတွင် မုန်တိုင်းဒဏ်ကြောင့် တစ်ရွာလုံးနီးပါး ပျက်စီးခဲ့ရာမှ ယခု တွေ့မြင်ရသော နေအိမ် ၅၀ကို ဒဂုံအင်တာနေရှင်နယ်အဖွဲ့က တာဝန်ယူ ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်သည်။

စိုက်ပျိုးထား

လိပ်ချောင်းအိမ်ရာသည်ခြံစည်းရိုးများ၊ ဖြောင့်တန်းနေသော တာလမ်းများဖြင့် သပ်ရပ်စွာ တည်ရှိနေသည်။ အရွယ်အစား တူညီသည့် သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းအိမ်များ ဖြစ်သည်။ အပြာရောင် ကောင်းကင်အောက်ဝယ် ညီညာသပ်ရပ်စွာ တည်ဆောက်ထားသဖြင့် နေထိုင်သူမိသားစုများနှင့် မြင်တွေ့ရသူများပါ စိတ်ချမ်းမြေ့ဖွယ်ပင်ဖြစ်သည်။ ကျေးရွာအတွင်း သီးပင်စားပင်များလည်း စိုက်ပျိုးထားသည်ကို ဝေဝေဆာဆာ မြင်တွေ့ရသည်။

မပြတ်တမ်းဖြန့်ဝေ

ဖျာပုံခရိုင်အတွင်း ပြန်လည်တည်ဆောက် ပေးထားသောကျေးရွာများကို ရေသန့်ရရှိစေရန် ခေတ်မီစက်များဖြင့် ဤသို့ မပြတ်တမ်း ဖြန့်ဝေပေးလျက်ရှိသည်။ (မြန်မာ့အလင်း)

ကြိုးတံတား

ဖျာပုံအပြန်ခရီး၌ အဖောင်ကျေးရွာအနီး ကြိုးတံတား တည်ဆောက်နေမှုကိုလည်း လေ့လာခဲ့သည်။ ဤကြိုးတံတားကိုမကြာမီအချိန်အတွင်းပြီးစီးရန် ကြိုးစား တည်ဆောက်လျက်ရှိကြောင်းသိရသည်။ ဒေသခံများမှပါ တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်နေမှုကြောင့် သတ်မှတ်ချိန်အတွင်း ကြိုးတံတားတည်ဆောက်မှု ပြီးစီးတော့မည်ဖြစ်သည်။

ကြံ့ခိုင်မှု

ထိုမှဆက်လက်၍ ထွက်ခွာခဲ့ရာ ပေ ၂၈၀ရှည်သည့် ဆိပ်မတံတားကို ဖြတ်သန်းခဲ့သည်။ ဆိပ်မတံတားသည် တစ်လမ်းသွားသံပေါင်သစ်သားခင်း တံတားဖြစ်ပြီး ကြံ့ခိုင်မှုများ ဆောင်ရွက်မှု ပြီးစီးနေပြီဖြစ်သည်။

ကြိုးပမ်းနိုင်

ဧရာဝတီတိုင်း ဖျာပုံမြို့နယ်သည် မုန်တိုင်းဒဏ်မှ လွန်မြောက်ခဲ့သည့် တစ်နှစ်တာ ကာလအတွင်း အံ့ဩဖွယ်ရာ အမြန်ဆုံး ရုန်းထလာနိုင်ခဲ့ပြီး မူလထက် ကောင်းမွန်သော တည်ဆောက်မှုများကို ကြိုးပမ်းနိုင်ခဲ့ပြီဖြစ်ပါကြောင်း။ ။

(မြန်မာ့အလင်း)

နေအိမ်ပုံစံတူ

ဧရာဝတီတိုင်း ဖျာပုံခရိုင် ကဒုံကနီကျေးရွာတွင် နေအိမ်များပုံစံတူများဖြင့် သပ်ရပ်စွာ ပြန်လည်တည်ဆောက်ထားသည့် မြင်ကွင်း။ (မြန်မာ့အလင်း)

ဖျာပုံခရိုင် ရေကျော်ကြီးကျေးရွာ ပြန်လည်တည်ဆောက်ပြီးစီးမှု မြင်ကွင်း....။

(မြန်မာ့အလင်း)

ဖျာပုံခရိုင်အတွင်း ကြံ့ခိုင်မှုအပြည့်ရှိသည့် ချောင်းကူးတံတားများကိုလည်း ပြန်လည်ပြုပြင်တည်ဆောက်ထားခဲ့သည်။

(မြန်မာ့အလင်း)

တွေ့မရှောင်(မြန်မာ)က ခရေဇီဟေးလ်(ဂျပန်)ကို ဒူးဖြင့် ပစ်သွင်းထားစဉ်။
(မြန်မာ့အလင်း)

❐ *ကျောဖုံးမှ*

ယနေ့ ညနေ ၃နာရီမှ စတင်၍ အမျိုးသား အားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ပွဲစဉ်ပေါင်း ကိုးပွဲဖြင့် ယှဉ်ပြိုင်ထိုးသတ်ကြရာ မြန်မာ-ဂျပန် တွဲဆိုင်းများတွင် မြန်မာ့ရိုးရာလက်ဝှေ့ကျော် တွေ့မရှောင်က ဂျပန်လက်ဝှေ့သမား ခရေဇီဟေးလ်ကို ဒုတိယအချီ၌ အလဲထိုးအနိုင်ယူလိုက်ပြီး ကြယ်လင်းအောင်နှင့် ကူရီနိုင်းတိုရီယာတို့ သရေပွဲဖြစ်သွားကြသည်။

ယနေ့ပွဲကို ပရိသတ်များ အင်တိုက်အားတိုက်လာရောက်အားပေးကြသည်။ ပရိသတ်များ မျှော်လင့်ထားသကဲ့သို့ပင် တွေ့မရှောင်ကလည်း ဂျပန်ဂျူဒိုခါးပတ်နက် ကစ်ဘောက်ဆင်သမား ခရေဇီဟေးလ်ကို တစ်ဖတ်သက် အသာစီးထိုးသတ်၍ ဒုတိယအချီ ၁မိနစ် ၀၁စက္ကန့်၌ အနိုင်ယူလိုက်သည်။

သဘောတူညီ

ပြိုင်ပွဲမတိုင်မီတစ်ရက် မေ ၁ရက်က မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ နှစ်ဖက်လက်ဝှေ့အဖွဲ့မှ အုပ်ချုပ်သူများ၊ နည်းပြများ၊ လက်ဝှေ့သမားများပါဝင်သော ညှိနှိုင်းဆွေးနွေးပွဲ သဘောတူညီမှုအရ ပြည်တွင်းစိန်ခေါ်ပွဲများ၌ အနားတောင်းစနစ် ပါဝင်သော်လည်း မြန်မာ-ဂျပန်တွဲဆိုင်းလေးဆိုင်း၏ ယှဉ်ပြိုင်မှုတွင် အနားတောင်းစနစ် မပါဝင်ကြောင်း ပြိုင်ပွဲမစတင်မီ ခုံဒိုင်ချုပ် ဦးဒေါင်းနီက ပရိသတ်များကို အသိပေးကြေညာထားသည်။ ထိုအချက်ကို ဂျပန်လက်ဝှေ့အဖွဲ့ဘက်မှ စတင်တောင်းဆိုလာသည့်အတွက် မြန်မာဘက်မှ လိုက်လျောသဘောတူညီ ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ထိုအချက်ကြောင့်ပင် ခရေဇီဟေးလ်အနေဖြင့် ယခုကဲ့သို့ ဒုတိယအချီ၌ စောစီးစွာ ပွဲသိမ်းခံလိုက်ရခြင်းဖြစ်သည်။

ပထမအချီ

ပထမအချီအစတွင် ခရေဇီဟေးလ် အောက်ခြေပိုင်း(အပြင်ခတ်)ကန်ချက်ဖြင့် အကဲစမ်းသေးသော်လည်း တွေ့မရှောင်က ၎င်းထက်သာသော ပါဝါကန်ချက်ဖြင့် တန်ပြန်ကန်သည့်အတွက် လက်သီးဖြင့် အကဲစမ်းပြန်သည်။ သို့ရာတွင် တွေ့မရှောင်က အားပါသော ဘယ်ထောက်လက်သီးနောက်မှ ပြင်းထန်သော ညာဖြောင့်လက်သီးဖြင့် တုံ့ပြန်သည့်အခါ ခရေဇီဟေးလ် နောက်ဆုတ်ရှောင်သော်လည်း တွေ့မရှောင်က ဖဝါးထက်ကြပ်လိုက်၍ ညာဝိုက်(အရှည်)နှစ်လုံး၊ ဘယ်ဝိုက်(အရှည်)နှစ်လုံး ထပ်ဆင့်သောကြောင့် ခရေဇီဟေးလ် ကြိုးဝိုင်းထောင့်သို့ ကျောကပ် ပိတ်မိသွားသည်။ ထိုအခါ တွေ့မရှောင်က ခရေဇီဟေးလ်၏ မျက်နှာသို့ ညာဖြောင့် နှစ်လုံးပစ်ထိုးပြီး ဘယ်ဖြောင့် ထပ်ဆင့်ကာ ဘယ်တံတောင်ရိုက်၍ တွန်းထားသည့်အတွက် ခရေဇီဟေးလ်က ၎င်း၏ မေးရိုးကို ဘယ်လက်မြှင့်၍ ကာကွယ်ထားသောကြောင့် ဘယ်ဘက်နံဘေး အကာအကွယ်မဲ့သွားတော့သည်။ တွေ့မရှောင်က လစ်ဟာသွားသော ခရေဇီဟေးလ်၏ ဘယ်ဘက်နံဘေးကို ညာဝိုက်လက်သီး ၁၂လုံးထက်မနည်း ဆက်တိုက်ဆင့်ထိုးသည်။ ခရေဇီဟေးလ် လူးလွန့်လူးပ်ရှားရင်း ထိုင်ကျသွားသည့်အတွက် ကြိုးဝိုင်းဒိုင်က ဝိုင်းလယ်၌ ပြန်တည်စေသည်။

ကြိုးစား

ခရေဇီဟေးလ်သည် တွေ့မရှောင်ကို လက်သီးချင်း၊ ခြေကန်ချင်း ယှဉ်၍မရတော့မှန်း သိသွားသဖြင့် ရတ်တရက် ပြေးဝင်ပြီး တွေ့မရှောင်၏ ရှေ့ခင်းဘယ်ခြေကို ပိုက်၍ ပစ်လှဲကာ ဘော်ဒီဝိတ်ဖြင့် လိမ်ချိုးရန် ကြိုးစားသည်။

သုံးကြိမ်ထက်မနည်း ကြိုးစားသော်လည်း တွေ့မရှောင်၏ ဒူးဆစ်ကို ဒဏ်ရာအနာတရ မဖြစ်စေနိုင်ဘဲ ၎င်းသာလျှင် တွေ့မရှောင်၏ ထိုးချက် ကန်ချက်များကြောင့် အထိနာနေသည်။

ဒုတိယအချီ

ဒုတိယအချီတွင် တွေ့မရှောင်က ဘယ်ထိုး ညာကန်၊ ညာထိုး ဘယ်ကန်ဖြင့် တိုက်စစ်အရှိန်တင်ပြီး အားပါသောညာဝိုက်(အရှည်)နောက်မှ ဘယ်ထောင့်နှင့်ညာဖြောင့် ဆင့်ထိုးသည်။ လက်သီးသုံးလုံး မျက်နှာကို တိတိပပ အထိခံရသဖြင့် ခရေဇီဟေးလ်ကြမ်းပြင်ပေါ် လန်ကျသွားပြီး အမှတ်စဉ် စတင်အရေခံရသည်။ ထို့နောက် တွေ့မရှောင်က ညာပတ်ခြေ နှစ်ဆင့်၊ ဘယ်ပတ်ခြေနှစ်ဆင့်၊ ထို့နောက် ညာပတ်ခြေဖြင့် အပြင်းအထန်တိုက်စစ်ဆင်သည်။

အမှတ်စဉ်

ခရေဇီဟေးလ် ကြိုးဝိုင်းလှည့်၍ တိမ်းရှောင်ရန် ကြိုးစားရင်း ထောင့်ပိတ်မိသွားပြန်ရာ တွေ့မရှောင်က ဘယ်ထောင့်၊ ညာဖြောင့်ထိုးရင်း ညာပတ်ခြေကန်သည့်အတွက် ခရေဇီဟေးလ် ဒုတိယအကြိမ် အမှတ်စဉ် အရေခံရပြန်သည်။ ထို့နောက် ဆက်လက်ယှဉ်ပြိုင်ကြရာ တွေ့မရှောင်က ရုတ်တရက်ပြေးဝင်၍ ညာအောက်ထောက်ရှင်းကန်ချက်ဖြင့် သိမ်းကန်သည့်အတွက် ခရေဇီဟေးလ် ကြမ်းပြင်ပေါ်ပြုတ်ကျရာမှ ချက်ချင်း ပြန်မထနိုင်သောကြောင့် ကြိုးဝိုင်းဒိုင်က အမှတ်စဉ်ရေသည့်အခါ ခရေဇီဟေးလ်က ၎င်း ထိုးသတ်နိုင်သေးကြောင်း အချက်ပြသော်လည်း ဒုတိယအချီ ၁မိနစ် ၀၁ စက္ကန့်အတွင်း (တစ်ချီအတွင်း) အမှတ်စဉ် သုံးကြိမ် အရေခံရလျှင် အရှုံးဆိုသော စည်းမျဉ်းအရ တွေ့မရှောင်က အနိုင်ရရှိသွားသည်။

ပထမနေ့၏ နောက်ဆုံးပွဲစဉ် အဖြစ် မြန်မာ့ရိုးရာ လက်ဝှေ့ကျော် ကြယ်လင်း

ခရေဇီဟေးလ်(ဂျပန်)ကို ဒုတိယ အချီတွင် အနိုင်ရရှိသွားသော တွေ့မရှောင် ပွဲအပြီး အောင်ပွဲခံစဉ်။
(မြန်မာ့အလင်း)

အောင်နှင့် ဂျပန် ကရာတေး ခါးပတ်နက် ကစ်ဘောက်ဆင်သမား ကူရီနိုင်း တိုရီယာတို့ ယှဉ်ပြိုင်ကြသည်။ ၎င်းတို့ နှစ်ဦး ကိုယ်အလေးချိန် တူမျှသော်လည်း ကူရီနိုင်း တိုရီယာက အရပ် ငါးလက်မခန့် ပိုမြင့်သည်။ ထို့ကြောင့် ကြယ်လင်းအောင်က အတွင်းဝင်ပူးကပ်သော ဗျူဟာကို ဦးစားပေးသည်။ ကူရီနိုင်းသည် အရပ်မြင့် သော်လည်း ဘယ်ထောက် ညာဖြောင့် လက်သီး အထွက် နည်းပြီး ပါဝါလည်း ပျော့ခြင်းကြောင့် ကြယ်လင်းအောင် အလွယ်တကူ ဝင်ရောက် ပူးကပ်နိုင်သည်။ ကြယ်လင်းအောင်က ပူးမိလျှင် ကူရီနိုင်းကို ကြိုးတန်းနှင့် ကျောကပ်အောင် တွန်းဖိထားပြီး ကျားကန်ထားသော ကူရီနိုင်း၏ ဘယ်ပေါင်ထိပ်(ဒူးအထက်)ကို ၎င်း၏ ညာဒူးဖြင့် ဆင့်တိုက်ခြင်း၊ အပေါ်မှ ထောင်းချခြင်း၊ ဘေးမှကပ်တိုက်ခြင်း၊ ဘယ်ဒူးဖြင့် တံကောက်ကြောများကို ပင့်တိုက်ခြင်းများဖြင့် အောက်ပိုင်းဖြိုရန် ကြိုးစားသည်။ ပူးရင်း တိုက်ရင်းဖြင့် ကြိုးတန်းကျွံသွားကြသည့်အတွက် ကြိုးဝိုင်းဒိုင်က ဝိုင်းလယ်၌ ပြန်တည်စေလျှင် ကူရီနိုင်းက တိုက်စမ်းပါဟူသော အမူအရာဖြင့် ပေါင်ကို ပုတ်ပြသေးသည်။

ကူရီနိုင်း၏ပွဲမှတ်တမ်းတွင် ပြိုင်ဘက်ကို ချုပ်ဒူးတိုက်၍ ပွဲသိမ်းခဲ့ကြောင်း လေ့လာကြည့်ရှုခွင့်ရထားသော ကြယ်လင်းအောင်က ကူရီနိုင်း၏ ချုပ်ဒူးများအပိုင်မထိစေရန် ရန်းထွက်ရှောင်ရှားနိုင်ခဲ့ပြီး ရယ်ပြသေးသည်။ အရပ်ပုသော်လည်း ကြံ့ခိုင်မှုခွန်အားနှင့် သက်လုံအရာတွင် သာလွန်သောကြယ်လင်းအောင်က ကူရီနိုင်းကို ချုပ်ဆွဲ၍ပစ်လှဲခြင်း၊ တွန်းထုတ်ပစ်လှဲစေခြင်းများ ပြုလုပ်သည့်အတွက် ကူရီနိုင်း တဖြည်းဖြည်းအားလျော့လာကာ မကြာခဏလဲကျနေသော်လည်း ပြန်ထယှဉ်ပြိုင်နိုင်လောက်သော မာဂုဏ်နှင့်သက်လုံရှိနေသည်။ ယခုပွဲတွင် ကြယ်လင်းအောင်၏ အောက်ပိုင်းဖြို (အရင်းလှဲအဖျားထင်းဖြစ်) ဗျူဟာအရာမရောက်ခဲ့ခြင်း၊ ပွဲသိမ်းလက်သီးမရှိခြင်းတို့ကြောင့် ကူရီနိုင်းကိုအသာစီး ထိုးသတ်နိုင်သော်လည်း သရေပွဲဖြစ်သွားခြင်းဟု ရိုးရာလက်ဝှေ့သမားဟောင်းတစ်ဦးက မှတ်ချက်ပြုသည်။

လေးချီပွဲစဉ်

ပထမနေ့၏ လေးချီပွဲစဉ် သုံးပွဲမှာ ပရိသတ်စိတ်ပျက်လောက်သည့် အနေအထားဖြင့် အနိုင်အရှုံး အဖြေပေါ်ခဲ့ကြသည်။ ပွဲစဉ်(၁)တွင် ဖွဲမောင်မောင် (အဖြူရောင်သွေးသစ်)က စောသာဖို (မြန်မာသွေးသစ်)ကို လက်ရည်အသာစီးထိုးသတ်၍ ဒုတိယအချီ ၅၂စက္ကန့်နှင့် စလုကာ (မိုးသောက်ကြယ်)က နိုင်လင်း(ဒေါင်းမြန်မာ)ကို တစ်ဖက်သတ်ထိုးနှက်ကာ ဒုတိယအချီ ၁မိနစ် ၂၆စက္ကန့်၌ အလဲထိုး အနိုင်ယူခဲ့ကြသည်။ ထွန်းလူ(တိုက်ဂါး) ထိုးလုံး သတ်ပေါက်ကောင်းသော်လည်း အလုံးအရပ်ကွာလွန်းသည့်အတွက် စောဇော်မင်း(အဖြူရောင်သွေးသစ်)ကို မယှဉ်နိုင်ကြောင်း သိသာလှသဖြင့် ဒိုင်ပွဲရပ်ကာ စောဇော်မင်းကို အနိုင်ပေးလိုက်ရသည်။

စိန်ခေါ်

ငါးချီ စိန်ခေါ်ပွဲအစတွင် ဝမ်းတူး (ဒေါင်းမြန်မာ)နှင့် ကချင်လေး(ဘိလပ်မြေစက်ရုံ)တို့ ပွဲကောင်းမည်ကဲ့သို့ ရှိသော်လည်း ဝမ်းတူး၏ ပြင်းထန်သော ညာအောက်ခြေပိုင်း ကန်ချက်များကြောင့် ကချင်လေး ခြေမထောက်နိုင်တော့သဖြင့် ပထမအချီ ၂မိနစ် ၄၃စက္ကန့်၌ ဝမ်းတူး အနိုင်ရရှိသွားသည်။ ရွှေမိုးသီး (ဘိလပ်မြေစက်ရုံ)နှင့် ခိုင်လင်း(တောင်ကလေး)တို့ ပွဲတွင် ရွှေမိုးသီး၏ အားမယူဘဲ (ထောက်ခြေဖနောင့်မကြွဘဲ) ဖျတ်ခနဲကန်သော အမြင့်ပုံ မွဲရိုးရိုက်ကန်ချက်များက လှပသေသပ်ပြီး ဘယ်သန်ခိုင်လင်း၏ ဘယ်ဖြောင့် လက်သီးများက စူးရှသော်လည်း တစ်ဦးကိုတစ်ဦး ပွဲမဖြတ်နိုင်ဘဲ သရေပွဲဖြစ်သွားသည်။ ဆက်ထူးအောင်(တောင်ကလေး)ကို လုံးချောလေး(ရက္ခဗျာလ) အသာစီးထိုးသတ်သော်လည်း မာဂုဏ်မြင့်သော ဆက်ထူးအောင်က သရေပွဲရယူသွားသည်။ စစ်အောင်(နှစ်ရှည်ဥယျာဉ်ခြံ)က ရိုးရာလက်ဝှေ့ပညာစုံ၍ သမ္မာဂုဏ်ပြနိုင်သော်လည်း ငယ်ဂုဏ်မာဂုဏ်ရှိပြီးလက်သီးပြင်းသော သားသားကြောင့် သရေပွဲဖြစ်သွားသည်။

ယနေ့ဆက်မည်

မေ ၃ရက် **(ယနေ့)**ညနေ ၃နာရီတွင်လည်း မြန်မာ့ရိုးရာလက်ဝှေ့ကျော် လုံးချောနှင့် ဂျပန်ကရာတေး၊ ဂျူဒိုခါးပတ်နက်၊ M 1 ချန်ပီယံ၊ ကစ်ဘောက်ဆင်နှင့် မွေထိုင်းလက်ဝှေ့သမား ဆာမူကာဝါ၊ အလွတ်တန်း ဒင်္ဂုံရွှေအောင်လံဆုရှင် စောငမန်းနှင့် ဂျပန် ဂျူဒိုခါးပတ်နက်၊ ကိုယ်ခံပညာမျိုးစုံပြိုင်ပွဲနွှဲခဲ့သူ ဂျင်ကာဝါတို့၏ စိန်ခေါ်ပွဲများနှင့် ပြည်တွင်း ငါးချီ စိန်ခေါ်ပွဲ၊ လေးချီအထူးပွဲများ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာ-ဂျပန် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီးကို ရန်ကုန်မြို့ သုဝဏ္ဏအားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပရာ လက်ဝှေ့ဝါသနာရှင်များ ဤသို့ တစ်ခဲနက် ကြည့်ရှုအားပေးခဲ့ကြသည်။
(မြန်မာ့အလင်း)

မန်ယူတို့ အဝေးကွင်း၌ သုံးမှတ်ပြည့်ရရှိ ချယ်လ်ဆီးတို့လည်း အိမ်ကွင်း၌ဂိုးပြတ်သွင်းနိုင်

ဖောင်ပိတ်အားကစားသတင်း-မောင်မောင်မြင့်ဆွေ၊ စာမျက်နှာဖွဲ့စည်းမှု-မြင့်စိုး

လန်ဒန် မေ ၂

ပရီမီယာလိဂ်ပွဲစဉ် (၃၅)ကို မေ၂ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ မစ်ဒယ်ဘရော့ကွင်း၌ သွားရောက်ကစားရသော်လည်း မန်ယူတို့ နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိကာ ပရီမီယာလိဂ်ဖလား ဆွတ်ခူးရရှိရေးအတွက် လက်တစ်ကမ်းအကွာသို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။

မစ်ဒယ်ဘရော့နှင့် မန်ယူ

အများအယွင်း မခံတော့သည့် မန်ယူသည် အဝေးကွင်း၌ မစ်ဒယ်ဘရော့ကို သေချာစွာပြင်ဆင်ကစားခဲ့သည်။ တိုက်စစ်တွင် မာကေးဒါနှင့် ဘာဘာတော့ဗ်တို့ကို ရွှန်နေ၊ ပတ်ဂျီဆန်၊ ပေါလ်စခိုးနှင့် ဂစ်တို့က ကွင်းလယ်နှင့် တောင်ပံများမှ ဝန်းရံပေးခဲ့ရာ မစ်ဒယ်ဘရော့တို့ ထင်တိုင်းမပေါက်ခဲ့ချေ။

မစ်ဒယ်ဘရော့နှင့် မန်ယူတို့ပွဲတွင် မန်ယူမှ ပတ်ဂျီဆန်(ဝဲ) ဘယ်ခြေဖြင့် ဤသို့ ဒုတိယဂိုး သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

မန်ယူအတွက် အဖွင့်ဂိုးကိုပွဲချိန် ၂၅မိနစ်တွင် ဗီဒစ် ဂိုးရှေ့တင်ပေးလိုက်သည့် ဘောလုံးကို မစ်ဒယ်ဘရော့ ဂိုးဧရိယာအစပ်မှ ဂစ်က ဘယ်ခြေဖြင့်ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ ချေပဂိုးရရှိရေး မစ်ဒယ်ဘရော့တို့ ကြိုးစားခဲ့သော်လည်း ဆန္ဒစောနေမှုကြောင့် ဂိုးမရရှိခဲ့ခြင်းဖြစ်သည်။

မန်ယူအတွက် ဒုတိယဂိုးကို ပတ်ဂျီဆန်က မိနစ်၅၀၌ သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ မစ်ဒယ်ဘရော့တို့ ပွဲရလဒ်ကောင်းစေရန် ကြိုးစားခဲ့သော်လည်း ချေပဂိုး မသွင်းနိုင်ခဲ့ချေ။ မစ်ဒယ်ဘရော့ တိုက်စစ်မှူး မာလွန်ကင်း၊ အိုနေးလ်၊ ဒေါင်းနင်းတို့လည်း ခြေစွမ်းမပြနိုင်ဖြစ်ခဲ့ရပြီး နှစ်ဂိုးပြတ် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ချယ်လ်ဆီးနှင့် ဖူလ်ဟမ်

အိမ်ကွင်း၌ ဖူလ်ဟမ်ကို ချယ်လ်ဆီးတို့ ဖိကစားနိုင်ခဲ့သည်။ အနယ်လ်ကာ၊ ဒရော့ဘာနှင့် မာလူဒါတို့က အပိုင်ဂိုးသွင်းခွင့် လေးကြိမ်ရရှိခဲ့ပြီး ဇာမိုရာနှင့် နက်ဗ်လန့်တို့ ဦးဆောင်သော ဖူလ်ဟမ်တိုက်စစ်မှူးများက ဂိုးသွင်းခွင့်နှစ်ကြိမ် ရရှိခဲ့သည်။ ချယ်လ်ဆီးအတွက် ပွဲအစတစ်မိနစ်မှာပင် အနယ်လ်ကာက တစ်ဂိုး၊ ၁၀မိနစ်၌ မာလူဒါက တစ်ဂိုးနှင့် ၅၃မိနစ်၌ ဒရော့ဘာက တစ်ဂိုး သွင်းယူနိုင်ခဲ့သည်။ ဖူလ်ဟမ်အတွက် တစ်လုံးတည်းသော ချေပဂိုးကို လေးမိနစ်၌ မူရာဖီ ဂိုးရှေ့ဖြတ်တင်ပေးလိုက်သည့်ဘောလုံးကို တိုက်စစ်မှူး နက်ဗ်လန့်က ဘယ်ခြေဖြင့် သွင်းယူခဲ့ခြင်းဖြစ်သည်။ ချယ်လ်ဆီးတို့ သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

ချယ်လ်ဆီးနှင့် ဖူလ်ဟမ်တို့ပွဲတွင် ချယ်လ်ဆီးတိုက်စစ်မှူး အနယ်လ်ကာ(ဝဲ) အဖွင့်ဂိုးကို ဤသို့ ကန်သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ပို့စ်မောက်နှင့် အာဆင်နယ်

အဝေးကွင်းဖြစ်သော်လည်း အာဆင်နယ်က ခြေအသာဖြင့် ကစားနိုင်ခဲ့သည်။ အာဆင်နယ်တိုက်စစ်မှူးဘင့်တနာက ၁၃မိနစ်၌ အာရှာဗင်ပေးလိုက်သည့် ဘောလုံးကို ခေါင်းတိုက်သွင်းယူခဲ့သဖြင့် တစ်ဂိုးရရှိသည်။ ဒုတိယဂိုးကို အာဆင်နယ် တိုက်စစ်မှူး ဘင့်တနာက ပယ်နယ်တီမှတစ်ဆင့် ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ တတိယဂိုးကို တိုက်စစ်မှူး ကားလို့စ်ဗီက ဘယ်ခြေဖြင့် ကန်သွင်းယူခဲ့သဖြင့် သုံးဂိုးပြတ်ဖြင့် အာဆင်နယ်တို့ နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

အခြားပွဲရလဒ်များ

မန်စီးတီး	၃	-	၁	ဘလက်ဘန်း
စတုတ်	၀	-	၁	ဝက်စ်ဟမ်း
စပါး	၁	-	၀	ဝက်စ်ဘရွန်း
ဝီဂန်	၀	-	၀	ဘော်လ်တန်

(အင်တာနက်)

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် မေ ၂

ရတနာပုံမန္တလေး မြို့တည်နန်းတည်အထိမ်းအမှတ် ကျင်းပမည်

ရတနာပုံမန္တလေး မြို့တည်နန်းတည် နှစ် (၁၅၀)ပြည့်အထိမ်းအမှတ်ပွဲတော်ကို မေ ၁၄ရက်မှ ၁၈ရက်အထိ မန္တလေးမြို့၌ကျင်းပမည်ဖြစ်ရာ အဆိုပါပွဲတော်၌ စာပေပြိုင်ပွဲ၊ စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ၊ မြန်မာမှုအနုပညာပြပွဲနှင့် ဓာတ်ပုံပြပွဲ၊ ခြင်းလုံး၊ ရိုးရာလက်ဝှေ့၊ ကာယဗလမောင်နှင့် ရိုးရာဝတ်စားဆင်ယင်မှုပြိုင်ပွဲတို့ကို သတ်မှတ်နေရာများ၌ ကျင်းပမည်ဖြစ်ပြီး ပွဲတော်ရက်အတွင်း ရုပ်ရှင်၊ ဂီတအနုပညာရှင်များကလည်း ဖျော်ဖြေတင်ဆက်ကြမည် ဖြစ်သည်။ ကုန်စည်ပြပွဲနှင့် ဈေးပွဲတော်လည်း ကျင်းပမည်ဖြစ်ရာ ဖွင့်လှစ်ရောင်းချလိုပါက ဖုန်း-၀၁-၆၆၃၇၇၃၉၊ ၀၉-၅၀-၁၄၇၀၆နှင့် ၀၉-၈၀-၃၁၇၈၇တို့သို့ ဆက်သွယ်နိုင်သည်။

မြစ်သားနှင့် ရပ်စောက်၌ အလယ်တန်းကျောင်းများ တိုးမြှင့်ဖွင့်

နိုင်ငံတော်အစိုးရသည် ဒေသခံပြည်သူများ၏ ပညာရေးကဏ္ဍ ပိုမိုဖွံ့ဖြိုး တိုးတက်စေရေးအတွက် မန္တလေးတိုင်း မြစ်သားမြို့နယ် သစ်တက်ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ် လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ကျိုင်းခမ်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ် လည်းကောင်း တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုခဲ့ကြောင်း သိရသည်။

ခုတင်(၅၀)ဆံ့ဆေးရုံများအဖြစ် တိုးမြှင့်ဖွင့်

နိုင်ငံတော်အစိုးရသည် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု ပိုမို ဆောင်ရွက်ပေးနိုင်ရန်အတွက် မန္တလေးတိုင်း စဥ့်ကိုင်မြို့နယ်၊ မြစ်သားမြို့နယ်နှင့် တံတားဦးမြို့နယ်တို့ရှိ (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံများကို ခုတင်(၅၀)ဆံ့ပြည်သူ့ဆေးရုံများအဖြစ် တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုခဲ့ကြောင်း သိရသည်။ အလားတူ ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့ ကျိုင်းခမ်းကျေးရွာ၌(၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ရုံ အသစ်ဖွင့်လှစ်ခွင့်ပြုခဲ့ကြောင်း သိရသည်။

ရုပ်ရှင်၊ ဗီဒီယိုတည်းဖြတ်သင်တန်းဖွင့်မည်

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ကြီးမှူးဖွင့်လှစ်မည့် (၁/၂၀၀၉) ရုပ်ရှင်၊ ဗီဒီယိုတည်းဖြတ်သင်တန်းကို မေ ၂၅ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ လျှောက်လွှာများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ မေ ၄ရက်တွင် လာရောက်ဝယ်ယူနိုင်ပြီး မေ ၁၅ရက် ညနေ ၄နာရီအထိ လျှောက်လွှာများ လက်ခံမည်ဖြစ်သည်။

ဆေးကောင်စီရုံးခန်း နေရာပြောင်းရွှေ့ဖွင့်လှစ်

မြန်မာနိုင်ငံဆေးကောင်စီရုံးခန်းကို အမှတ် ၂၇ ပြည်ထောင်စုရိပ်သာလမ်း (ယခင်ကျန်းမာရေးဝန်ကြီးဌာနရုံး) ဒဂုံမြို့နယ် ရန်ကုန်မြို့တွင်ဖွင့်လှစ်ထားရာမှ အမှတ် ၁၂၃ နတ်မောက်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ပြီးဖြစ်ပါ၍ မြန်မာနိုင်ငံဆေးကောင်စီ၏ လုပ်ငန်းများ၊ ယင်းနှင့်ဆက်နွယ်လျက်ရှိသောကိစ္စတို့ကို ပြောင်းရွှေ့သည့်လိပ်စာသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

မန္တလေးအသင်း(ရန်ကုန်) ပျော်ပွဲရွှင်ပွဲကျင်းပမည်

မန္တလေးအသင်း(ရန်ကုန်)မှ မန္တလေး နှစ်(၁၅၀)ပြည့် အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲကို မေ ၈ရက် (သောကြာနေ့) နံနက်ပိုင်းတွင် ပန်းဘဲတန်းမြို့နယ် အမှတ် ၆၂၈/၆၃၂ကုန်သည်လမ်းနှင့် လမ်း ၃၀ထောင့် (ပထမထပ်) အသင်းတိုက် ရတနာခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ မန္တလေးအသင်း(ရန်ကုန်)က အဆိုအကများဖြင့် ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

ရန်ကင်းအထက(၁) အာစရိယပူဇော်မည်

ရန်ကင်းအထက(၁)၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီက ၁၉၆၂မှ ၁၉၈၂ခုနှစ်ကာလအတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့မည်ဖြစ်ရာ ပူဇော်ပွဲတွင် ပါဝင်ကန်တော့ခံနိုင်ရန်အတွက် အလုပ်အမှုဆောင်ကော်မတီများသို့ ဆက်သွယ်စာရင်းပေးပို့ရမည်ဖြစ်ပြီး ရွှေရတုအကြို့မဂ္ဂဇင်းထုတ်ဝေမည်ဖြစ်ရာ စာမူများကို ဖုန်း-၀၉-၅၁-၆၇၅၅၆၊ ၀၉-၅၀-၀၀၂၀၀ နှင့် ၀၉-၅၀-၆၃၈၈၉ တို့သို့ ဇူလိုင် ၃၀ရက် နောက်ဆုံးထား ဆက်သွယ်ပေးပို့နိုင်သည်။

ဓာတ်ပုံအသင်းဈေးရောင်းပွဲတော် ကျင်းပမည်

မြန်မာနိုင်ငံဓာတ်ပုံအသင်း (၆)ကြိမ်မြောက် ဈေးရောင်းပွဲတော်ကို မေ ၁၇ရက်နှင့် ၁၈ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး ဈေးရောင်းပွဲတော်ကျင်းပရာ အမှတ် ၂၇/၂၉ ၃၅လမ်း(အောက်)ကျောက်တံတားမြို့နယ် ရန်ကုန်မြို့တွင် နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ဒီဂျစ်တယ်ကင်မရာ လာရောက်ဝယ်ယူသူများ၏ နည်းစနစ်လိုအပ်ချက်များကို ရိုက်ကူးနည်းသင်တန်းတိုအဖြစ် မေးမြန်းနိုင်သည်။ အသင်းမှ ဖွင့်လှစ်မည့်အခြေခံဓာတ်ပုံပညာသင်တန်း အမှတ်စဉ် (၃၈)ကို ဤဈေးရောင်းပွဲတော်တွင် လျှောက်လွှာများ စတင်လက်ခံမည်ဖြစ်သည်။

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်းပါး၊ စာစီစာကုံးပြိုင်ပွဲ ကျင်းပမည်

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်သည် ဇွန် ၅ရက်တွင်ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်ဆောင်းပါးနှင့် စာစီစာကုံးများကို ပြိုင်ပွဲဝင်သူ အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရန်လိပ်စာဖော်ပြ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ရုံး သစ်တောရေးရာဝန်ကြီးဌာန ရုံးအမှတ် ၂၈ နေပြည်တော်သို့ မေ ၂၂ရက်နောက်ဆုံးထား၍ ပေးပို့နိုင်ကြောင်း သိရသည်။ ။

(မြန်မာ့အလင်း)

စု စည်း ရေး သား သူ - ဝင်း ကျော်

လျှပ်စစ်(၁)ဝန်ကြီး ပိုလ်မှူးကြီးဇော်မင်းအား ထိုင်းဧည့်သည်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မေ ၂

အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား ထိုင်းနိုင်ငံ Ministry of Energy of Thailand (MOEN) မှ Permanent Secretary H.E. Dr. Pornchai Rujiprapar၊ EGAT Interna Tional Company Limited မှ Acting Managing Director Mr. Prutichai Chonglertvanichkul၊ Sinohydro Corporation Limited မှ General Manager Mr. Zhang Goulai နှင့် အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြသည်။ **(ယာပုံ)**

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးမျိုးမြင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဟတ်ကြီး ရေအားလျှပ်စစ်စီမံကိန်းနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပရင်တာများ ပြသ

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲတွင် **Brother** ပရင်တာများကို ပြသထားစဉ်။ (သတင်းစဉ်)

Brother Printer များ မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် မေ ၂

Authorized Distributor အဖြစ် တာဝန်ယူစတင်ဖြန့်ဖြူးရောင်းချသော Brother Printer များကို ကနဦးမိတ်ဆက်သည့်အနေဖြင့် မေ ၁ရက်မှ မေ ၃ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည့် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ (Myanmar ICT Exhibition) (မေ ၂၀၀၉)၌ ပြသလျက်ရှိသည်။

Brother International မှ All-in-one Multifunction Printer, Laser Inkjet Printer နှင့် Labellers များထုတ်လုပ်ပြီး Brother ၏ Multi-function Printer များသည် Quality Printing, Copying,Scanning,Direct, Printing (PC ကြားခံမပါ) အစရှိသည့် Function များကို All-in-one ဖြင့် ပေါင်းစပ်ပေးထားသည်။

ဆက်သွယ်စုံစမ်းနိုင်

ယခုပြသထားသော A-3 Color Inkjet Multifunction Printer သည် Color Printing Scanning, Copying များကို A-3 Size အထိ ပြုလုပ်နိုင်သည့် Professional Series Printer ဖြစ်သည်။ A-2 Size Touch Screen ပါရှိပြီး Direct USB Printing ကို ပြုလုပ်နိုင်သည်။ Brother Printer များမှ Personal သုံးနှင့် Work-group သုံး Printer ဟူ၍ အမျိုးအစားစုံလင်စွာရှိသည်။

အဆိုပါ Brother ၏ Quality Product များကို ရောင်းချလိုသူများအနေဖြင့် အမှတ် ၉၀/၉၂ (၅၁)လမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၉၅၆၆၁၊၂၉၆၈၃၆၊ ၀၉-၈၆-၄၀၀၅၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြေးခုန်ပစ်ဆုရ ကစားသမားများ

မြန်မာပြေးခုန်ပစ် အဖွဲ့အတွက် ဆုတံဆိပ်များရယူပေးသော ကစားသမားများဖြစ်သည့် ငွေတစ်ခု၊ ကြေးတစ်ခုရ သန်းတိုးခင်မျိုးအောင်၊ ရွှေနှစ်ခုရ နီလာစန်း၊ ရွှေတစ်ခုရ စောမာလာနွယ်နှင့် ရွှေတစ်ခုရ စိုးမင်းသူတို့ကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

ထိုင်းတံခွန်စိုက်ပြေးခုန်ပစ်ပြိုင်ပွဲ မြန်မာပြေးခုန်ပစ်အဖွဲ့ ရွှေတံဆိပ်လေးခု၊ ငွေတစ်ခုနှင့် ကြေးတစ်ခုရရှိ

ရန်ကုန် မေ ၂

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဧပြီ ၂၆ရက်မှ ၂၉ရက်အထိ ကျင်းပခဲ့သော ထိုင်းတံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိခဲ့သော အောင်ပွဲရ မြန်မာပြေးခုန်ပစ်အဖွဲ့သည် ယမန်နေ့ည ၆နာရီ ၅၀မိနစ်က ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးစံထွန်းနှင့် ဦးရဲမြင့်၊ အထွေထွေအတွင်းရေးမှူး ဦးမြသန်းထိုက်နှင့် အမှုဆောင်များ၊ အားကစားသမားများ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

ပါဝင်ယှဉ်ပြိုင်

မြန်မာပြေးခုန်ပစ်အဖွဲ့မှာ ဆုတံဆိပ်ခြောက်ခုရရှိခဲ့ခြင်းဖြစ်ပြီး ရွှေတံဆိပ်လေးခုကို နီလာစန်းက မီတာ ၁၀၀၀၀ ပြိုင်ပွဲမှ တစ်ခု၊ မီတာ ၅၀၀၀ပြိုင်ပွဲမှ တစ်ခု၊ စိုးမင်းသူက မီတာ ၁၀၀၀၀ပြိုင်ပွဲမှတစ်ခု၊ စောမာလာနွယ်က ကီလို ၂၀လမ်းလျှောက်ပြိုင်ပွဲမှ တစ်ခု ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။ သန်းတိုးခင်မျိုးအောင်က မီတာ ၁၅၀၀ပြိုင်ပွဲမှ ငွေတံဆိပ်တစ်ခုနှင့် မီတာ ၈၀၀ပြိုင်ပွဲမှ ကြေးတံဆိပ်တစ်ခုတို့ရရှိခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲကို အိမ်ရှင် ထိုင်း၊ မြန်မာ၊ အင်ဒိုနီးရှား၊ တရုတ်(တိုင်ပေ)၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ကာဂျစ္စတန်၊ လာအို၊ ဘရူနိုင်း၊ ဗီယက်နမ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

သူတို့ပါဝင်

အောင်ပွဲရ မြန်မာပြေးခုန်ပစ်အဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဦးခင်မောင်သန်း၊ နည်းပြအဖြစ် ဦးညွန့်ဝင်း၊ ကစားသမားများအဖြစ် **အမျိုးသား** - စိုးမင်းသူ၊ ကြည်မင်းစိုး၊ ကျော်လွမ်းအောင်၊ **အမျိုးသမီး**-နီလာစန်း၊ စောမာလာနွယ်၊ သန်းတိုးခင်မျိုးအောင်နှင့် အေးအေးသန်းတို့ပါဝင်ကြသည်။ **(မြန်မာ့အလင်း)**

3-5 (11).pmd 1 5/3/2009, 2:37 AM

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ်	၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ်	၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ကမ္ဘာ့လူထုတုပ်ကွေး ရောဂါနှင့်ပတ်သက်၍ ဆေးပညာဟောပြောမည်

ရန်ကုန် မေ ၂

မြန်မာနိုင်ငံ ဆရာဝန်အသင်းက ကြီးမှူးကျင်းပသော ကမ္ဘာ့လူထုတုပ်ကွေးရောဂါ H1N1 ကာကွယ်ရေး အကြောင်းနှင့် ပတ်သတ်၍ ဆေးပညာ ဟောပြောပွဲကို မေ၅ရက် မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ အမှတ် ၂၄၉ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင် (အေ)၌ ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥတုရာသီ တောကိုမှီ၏

Lucky Bird ပြခန်း၌ Toshiba ပရိုဂျက်တာကို ဤသို့ ပြသထားသည်။ (မြန်မာ့အလင်း)

■ *ကျော်ဖုံးမှ*

အချိန်နှင့်အမျှ အသစ်ဖြစ်ပေါ်နေသော အိုင်တီနည်းပညာနှင့် ထုတ်ကုန်ပစ္စည်းများကလည်း မပြတ်တမ်းလေ့လာနိုင်မှသာ သိရှိနိုင်မည်ဖြစ်ရာ ယခုကဲ့သို့ အိုင်တီပြပွဲကျင်းပပေးခြင်းကို အခွင့်အရေးတစ်ရပ်အဖြစ် လူငယ်များ နေ့စဉ် ခန်းမပြည့်မျှ လာရောက်လေ့လာဝယ်ယူနေကြခြင်း ဖြစ်သည်။

အသွင်သစ်

ပြခန်းတိုင်းတွင် အသွင်သစ်၊ အမြင်သစ်၊ ဒီဇိုင်းပုံစံသစ်များဖြင့် တည်ဆောက်ခင်းကျင်းပြသထားသည့်အပြင် အိုင်တီ ထုတ်ကုန်ပစ္စည်းများကိုလည်း နောက်ဆုံးထုတ်များချည်း ပြသထားသဖြင့် ပြပွဲလာလူငယ်များ အကြိုက်တွေ့နေခြင်းဖြစ်သည်။

ဒီဇိုင်းပုံစံဆန်းဆန်းဖြင့် ခင်းကျင်းပြသထားသော Lucky Bird ပြခန်းတွင် လေ့လာသူများ၊ ဝယ်ယူသူများ၊ ပြသထားသော အိုင်တီပစ္စည်းများကို လက်တွေ့စမ်းသပ် အသုံးပြုသူများဖြင့် စည်ကားနေသည်။ ပြခန်းအတွင်း ခင်းကျင်းပြသထားသော ပစ္စည်းများကို လေ့လာကြည့်ရာ Toshiba TLP XC 2000 ပရိုဂျက်တာကို ထူးခြားစွာတွေ့ရသည်။ ယင်းပရိုဂျက်တာ၌ Document ကင်မရာပါရှိရာ ပြသလိုသော မူရင်းအရွယ်အစားအတိုင်း ပိတ်ကားပေါ်၌ ပြသ၍ရအောင် တပ်ဆင်ထားခြင်းဖြစ်သည်။ ထို့အပြင် ပရိုဂျက်တာလုပ်ငန်းများကို ထိန်းချုပ်၍ရသောအလုပ်ကို အလွယ်တကူ ဖြုတ်ယူ သိမ်းဆည်း၍ရသည်။ ထိုသို့သိမ်းဆည်းခြင်းဖြင့် မလိုလားအပ်သည့် အနှောင့်အယှက်များ မပေးနိုင်ရန် စီစဉ်ထားခြင်းဖြစ်သည်။

စည်ကား

ထို့အပြင် Toshiba Mini Notebook MB 200 ကိုလည်း ခင်းကျင်းပြသထားသည်ကို တွေ့ရသည်။ ယင်း Notebook သည် ၂၀၀၉ ခုနှစ် ဧပြီမှ စတင်ထုတ်လုပ်ကာ ကမ္ဘာတစ်ဝန်း ဖြန့်ဖြူးပေးထားခြင်းဖြစ်သည်။ မျက်နှာပြင် ၁၀လက်မသာရှိပြီး သေးငယ်ပေါ့ပါးကာ စွမ်းရည်မြင့်မားပြီး ဈေးနှုန်းလည်း သက်သာသော ပစ္စည်းများဖြစ်သည်။ တစ်ဖန် ဒစ်ဂျစ်တယ်ဘက်စုံသုံး မိတ္တူကူးစက် Studio 232 ကို ပြသထားရာ တစ်မိနစ်ကို စာမျက်နှာ ၂၃ မျက်နှာအထိ မိတ္တူကူးနိုင်သည်။

Lucky Bird ပြခန်းတွင်လည်း အိုင်တီကို စိတ်ဝင်စားသော လူငယ်များဖြင့် စည်ကားစွာ မြင်တွေ့ရသည်။ (မြန်မာ့အလင်း)

ပုံရိပ်များဖမ်းရာတွင် တစ်မိနစ် စာရွက်၄၀ ကူးနိုင်ကြောင်း သိရသည်။ ကိုယ်ပိုင်အချက်အလက် သိမ်းဆည်းနိုင်သည့်စနစ်ပါရှိသည့်အပြင် ရုံးများ၊ စီးပွားရေးလုပ်ငန်းများတွင် မိတ္တူကူးရာ၌ ဌာနအလိုက် ကြိုတင်သတ်မှတ်သုံးစွဲနိုင်သည့် စနစ်လည်း ထည့်သွင်းထားသဖြင့် မလိုလားအပ်သော အပိုကုန်ကျမှုမရှိနိုင်ကြောင်း သိရသည်။ ယင်းပစ္စည်းများအပြင် အခြား Toshiba အမှတ်တံဆိပ် အိုင်တီ ထုတ်ကုန်ပစ္စည်းများကို ပြသထားရာ ပရိသတ်များဖြင့် စည်ကားနေသည်။

ထို့နောက် ပြပွဲခန်းမအတွင်း ဆက်လက်လေ့လာခဲ့ရာ ပျားပန်းခပ်မျှလာရောက်လေ့လာကြည့်ရှုသော ပရိသတ်များကို ကြိုးစားတိုးဝှေ့သွားခဲ့ရသည်။ တစ်ဖန် MSi ပြခန်းတွင် MSi အမှတ်တံဆိပ် အိုင်တီထုတ်ကုန်ပစ္စည်းများ၊ MSi Wind Top AE 190(Touch Panel)ကို ပြသထားသည့်အပြင် MSI မှ ကမ္ဘာ့အပါးလွှာဆုံးဖြစ်သည့် X 320 Notebook ကိုလည်း ပြသထားသည်။ တစ်ဖန် ကျောင်းသူ ကျောင်းသားများနှင့် နိုင်ငံခြားထွက်မည့်သူများအတွက် သယ်ယူရလွယ်ကူသော U 115 Notebook ကိုလည်း ပြသထားပြီး SATA HDD နှင့် SSD နှစ်မျိုးပါဝင်ကာ ဘက်ထရီ

ဝယ်သူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားနေသော DCD ပြခန်း။ (မြန်မာ့အလင်း)

သက်တမ်းမှာ ၁၂နာရီကြာအောင် အသုံးပြုနိုင်ကြောင်း သိရသည်။ MSi ပြခန်းတွင် လူငယ်များအတွက် ပျော်စရာအစီအစဉ်များ ထည့်သွင်းထားသဖြင့် လူများဝိုင်းအုံလျက်ရှိနေသည်။

အကြိုက်တွေ့

တစ်ဖန် ပြပွဲခန်းမအတွင်း လှည့်လည် လေ့လာကြည့်ရာ ပြခန်းတိုင်း လူစည်ကားနေသည်ကိုတွေ့ရသည်။ ဝယ်သူများကလည်း ပစ္စည်းမှန်၊ ဈေးသက်သာကာ အိုင်တီထုတ်ပစ္စည်းအသစ်များရရှိထားသဖြင့် အကြိုက်တွေ့နေသည်။

ထို့နောက် ပြပွဲခန်းမအတွင်း ခင်းကျင်းပြသထားသည့် DCD ပြခန်းတွင် လူကြိတ်ကြိတ်တိုးနေသဖြင့် ဝင်ရောက်လေ့လာရာ ကွန်ပျူတာ ဆက်စပ်ပစ္စည်းများ၊ Powertree UPS များ၊ Prolink Product ပစ္စည်းများ၊ Microlab Speaker များ၊ Hp ပရင်တာနှင့် Hp Notebook များ ခင်းကျင်းပြသထားပြီး Hp Notebook 6530-5 အမျိုးအစားကိုလည်း ပြသထားပြီး မူလဈေးရင်းအတိုင်း ရောင်းချပေးလျက်ရှိသည်။

အခွင့်အရေးကောင်း

ထို့အပြင် DCD ပြခန်း၌ ပြသထားသည့် Powertree UPS သည် အာမခံနှစ်နှစ်ပေးထားသဖြင့် ဝယ်ယူသူအကြိုက်ဖြစ်နေသည်။ အိုင်တီပစ္စည်းများကို အထူးလျှော့ဈေးများဖြင့် ရောင်းချခြင်း၊ ကင်နွန် အမှတ်တံဆိပ်ပရင်တာနှင့် စကင်နာများလည်း ဈေးအသက်သာဆုံးဖြင့် ရောင်းလျက်ရှိကြောင်း သိရသည်။ ဝယ်ယူသူများကလည်း အလုအယက်ဝယ်ယူနေကြသည်ကို မြင်တွေ့ရသည်။ အိုင်တီပစ္စည်းဝယ်ယူသူများအား အထူးဈေးနှုန်းများ လျှော့ပေးမည့်အပြင် လက်ဆောင်နှင့် ကံစမ်းမဲများပါ ပေးနေသဖြင့် လူစည်ကားနေခြင်းဖြစ်သည်။

လေ့လာသင့်

အိုင်တီထုတ်ကုန်ပစ္စည်းများနှင့် နည်းပညာသစ်များ ပြသရောင်းချနေသော Myanmar ICT Exhibition 2009 သည် လူငယ်များအတွက် အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်သည့် အခွင့်အရေးကောင်းတစ်ရပ်ဖြစ်သဖြင့် သွားရောက်လေ့လာသင့်ပါကြောင်း။ ။

(မြန်မာ့အလင်း)

ပဉ္စမအကြိမ် ကြည့်မြင်တိုင်ကျောင်းကြီးတိုက် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး နှစ်ဦးဓမ္မသဘင် အထူးတရားပွဲ

ဟောကြားမည့်ဆရာတော်ကြီးများ	ဟောကြားမည့်နေ့ရက်
ဓမ္မကထိက ဗဟုဇနဟိတရေ၊ ဓမ္မာစရိယ ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ	၁၃၇၁ခုနှစ် ကဆုန်လဆန်း ၁၁ရက်(တနင်္လာနေ့) ၄-၅-၂၀၀၉ရက် ည ၇နာရီခွဲ
တိပိဋကရေ၊ တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ (ယောဆရာတော်)	၁၃၇၁ခုနှစ် ကဆုန်လဆန်း ၁၂ရက်(အင်္ဂါနေ့) ၅-၅-၂၀၀၉ရက် ည ၇နာရီခွဲ
သာသနဓဇ ဓမ္မာစရိယ၊ ဓမ္မကထိက ဗဟုဇနဟိတရေ သဒ္ဓမ္မဇောတိကဓဇ အရှင်ပညာနန္ဒ (သီတဂူကြယ်တပွင့်)	၁၃၇၁ခုနှစ် ကဆုန်လဆန်း ၁၃ရက်(ဗုဒ္ဓဟူးနေ့) ၆-၅-၂၀၀၉ရက် ည ၇နာရီခွဲ
စစ်ကိုင်းတောင်ရိုး သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ မဟာဓမ္မကထိက ဗဟုဇနဟိတရေ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (D.Litt), Ph.D	၁၃၇၁ခုနှစ် ကဆုန်လဆန်း ၁၄ရက်(ကြာသပတေးနေ့) ၇-၅-၂၀၀၉ရက် ည၇နာရီခွဲ

Epson Printer များ ခင်းကျင်းပြသရောင်းချ

ရန်ကုန် မေ ၂

မြန်မာ့သတင်း အချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ ၂၀၀၉ကို မေ၁ရက်မှ ၃ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ခင်းကျင်း ပြသလျက်ရှိရာ Client Focus Technology Group Co., Ltd. က Epson မှ အသစ်ထပ်မံထုတ်လုပ်သည့် Epson TX 700 W Printer အမျိုးအစားတွင် ဓာတ်ပုံများကို ကွန်ပျူတာနှင့် ချိတ်ဆက်စရာမလိုဘဲ ဝိုင်ယာလက်စနစ်ဖြင့် ပုံထုတ်နိုင်သည်။ **(အောက်ပုံ)**

အသုံးပြု

ထို့အပြင် ရုံးလုပ်ငန်းသုံးအတွက် အသုံးပြုရန် T 30 Printer ၊ TX 200 Printer နှင့် TX 400 Printer များကို ပြသထားသည်။ Printer တစ်လုံးဝယ်ယူခြင်းဖြင့် Scanner ၊ Printer ၊ Copier များအဖြစ် အသုံးပြုနိုင်သည်။

ဝယ်ယူနိုင်

Six Colour Photo Printer များဖြစ်သော Epson R 230 နှင့် Epson R 290 Printer များကိုလည်း ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။ ပြပွဲအပြီးဝယ်ယူလိုသူများသည် Client Focus Technology Group Co., Ltd. အမှတ် ၅၊ B -၄ အောင်ဇေယျအိမ်ရာ အလုံလမ်းနှင့် ကမ်းနားလမ်းထောင့် အလုံမြို့နယ် ဆင်မင်းဈေး ကားမှတ်တိုင်အနီး ရန်ကုန်မြို့ ဖုန်း-၂၁၅၂၄၇ နှင့် ၀၉-၈၆၁၀၈၆၈ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနာ့အာဇာနည်များအား ချီးကျူးပူဇော်ပွဲအခမ်းအနားကျင်းပမည်

ရန်ကုန် မေ ၂

သာသနာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (၆၁)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ပွဲ၌ အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်မြတ်များအား အောင်လက်မှတ်ဘွဲ့တံဆိပ်ဆက်ကပ်ပွဲနှင့် ချီးကျူးပူဇော်ပွဲအခမ်းအနားကို ၁၃၇၁ခုနှစ် ကဆုန်လပြည့်ကျော် ၁၅ရက်၊(မေ၂၃ရက်)စနေနေ့ နံနက်၈နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာ့အေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ စာအောင်သာသနာ့အာဇာနည်အရှင်မြတ်များသည် မေ၂၂ရက် ညနေ၃နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဥတ္တရကုရုကျောင်းဆောင်သို့ ကြွရောက်တော်မူပါရန် သာသနာရေးဦးစီးဌာနက ပင့်လျှောက်ထားသည်။

လှူဒါန်းမည်

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကဓရ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဆရာတော်များ၊ တိပိဋကဓရ တိပိဋက ကောဝိဒ ဆရာတော်များ၊ စာထောက်စာမ ဆရာတော်များ၊ ပင့်သံဃာများနှင့် ယခုနှစ်တွင် ပြန်ဆို/ရေးဖြေ အောင်မြင်တော်မူကြသော တိပိဋကဓရ တစ်ပါး၊ မူလအဘိဓမ္မ ကောဝိဒ တစ်ပါး၊ မူလအဘိဓမ္မိက တစ်ပါး၊ ဒီဃနိကာယကောဝိဒ လေးပါး၊ ဒီဃဘာဏက တစ်ပါး၊ ဝိနယကောဝိဒ တစ်ပါး၊ ဝိနယဓရ ၂၅ပါး၊ ဥဘတောဝိဘင်္ဂ ကောဝိဒခုနစ်ပါး၊ ဥဘတောဝိဘင်္ဂဓရ ၄၉ပါး စုစုပေါင်း စာအောင်သံဃာအပါး ၉၀ အပါအဝင် ပင့်သံဃာ၂၅၇ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ချီးကျူးပူဇော်လှူဒါန်းမည်ဖြစ်ရာ လှူဖွယ်ဝတ္ထုပစ္စည်းများကို သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်း ဖုန်း-၆၅၁၅၇၂၊ စာမေးပွဲဌာနခွဲ ဖုန်း-၆၅၂၇၉၄၊ ၆၆၃၃၂၅၊ ၆၆၄၅၇၈တို့သို့ ကြိုတင်ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

အမည်ပြောင်း

အဖ ဦးဝင်းရွှေ ၅/ကလတ(နိုင်)၀၂၅၂၅၉၏ သားကြီး မောင်တင်အောင်လွင်အား ကိုကိုဝင်းဟု လည်းကောင်း၊ သားငယ် မောင်တင်အောင်ဟိန်းအား ညီညီဝင်းဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။ **မောင်ကိုကိုဝင်း၊ မောင်ညီညီဝင်း။**

အမည်ပြောင်း

အဖ ဦးသန်းကျော်ဌေး၏ သား အထက(၂) ပန်းဘဲတန်းမြို့နယ် နဝမတန်း (A)မှ မောင်ခန့်လင်းအား မောင်ကျော်ဇင်လင်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကျော်ဇင်လင်း။**

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မယဉ်မျိုးမျိုးခင်(ခ) မယ်သုံ ၁၀/ကမရ(နိုင်)၁၀၀၃၆၈သည် ၎င်း၏သဘောနှင့် နေအိမ်မှ ဆင်းသွားပါ၍ ယနေ့မှစပြီး သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သမျှ မည်သည့်ကိစ္စအဝဝကိုမျှ လုံးဝတာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးဇော်ခင် - ဒေါ်စန်းကြည်။

မိတ်ဆုံစားပွဲ

ရန်ကုန် စီးပွားရေးတက္ကသိုလ်တွင် ၁၉၇၃-၁၉၇၄ခုနှစ်စတင်ပညာသင်ယူခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ မိတ်ဆုံစားပွဲကို မေ၉ရက်(စနေနေ့) ညနေ ၄နာရီမှ ၆နာရီအထိ M-3 Food Centre ၌ ကျင်းပမည် ဖြစ်ပါ၍ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့်ဒေါ်စန်းစန်းဝင်း ဖုန်း - ၀၉-၅၀-၇၄၆၈၇၊ ဦးသိန်းနိုင် ဖုန်း-၀၉-၅၁-၅၆၇၅၇၊ဒေါ်ဝင်းမြတ်သိန်း ဖုန်း - ၀၉ - ၂၄၅၀၆၀၉၊ ဒေါ်ဝါဝါနွယ် ဖုန်း-၃၉၁၀၇၀ လိုင်းခွဲ ၂၁၁ တို့ထံ ဆက်သွယ် ဖိတ်ကြားအကြောင်းကြားအပ်ပါသည်။

ကျောင်းသား ကျောင်းသူဟောင်းများ။

စာအုပ် စာပေ လူ့မိတ်ဆွေ

ထိမ်းမြားလက်ထပ်မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်လမ်းမ၊
ရတနာမွန်လုံးချင်းအိမ်ရာ၊ ခြံအမှတ် ၃နေ
ဦးမောင်မောင်(ကုန်သွယ်ရေး-ငြိမ်း)-ဒေါ်မြိုင်(Steel-မင်္ဂလာဈေး)(Director-Jaguar Myanmar Co.,Ltd.) တို့၏ သားငယ်၊
မချိုချိုလွင်၊ ကိုအောင်မိုးကျော်-မနီလာထွန်း၊ ကိုအောင်ဖြိုး-မသီဂီမောင်တို့၏ ညီ၊မောင်

ဗိုလ်ကြီးသန့်ဇင်ကျော်
B.Sc(Physics)(D.S.A)
M.E(Technical Physics)

နှင့်

သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ အရှေ့လမ်းသစ်တန်းနေ
"သီဟသုဓမ္မမဏိဇောတဓရ" ဦးရဲဒင်-"သုဓမ္မသီဂီ"ဒေါ်မြအေးတို့၏သမီးငယ်၊
မောင်မင်းမင်းထွန်း၊ မောင်ဝင်းနိုင်ထူး-မနွယ်နွယ်ထွန်းတို့၏ညီမ

မမိုးသီရိအေး
B.Sc(Physics)
ရဲ+မြ ရတနာရွှေဆိုင်နှင့်စတိုး
မင်းနွယ်မိုးစိုက်ပျိုးရေးဆေးဆိုင်

တို့၏ ၂၅-၄-၂၀၀၉ရက် (စနေနေ့)တွင် သုံးဆယ်မြို့ ရတနာဝင်းမင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်သော ထိမ်းမြားလက်ထပ်မင်္ဂလာပွဲတွင် အောင်မင်္ဂလာစံပယ်ပန်းကုံး ဆင်မြန်းပေးပါသော ဗိုလ်မှူးချုပ်စိန်မြင့်-ဇနီးဒေါ်သိန်းပိုင်၊ မင်္ဂလာစိန်လက်စွပ် ဆင်မြန်းပေးပါသော "သုဓမ္မမဏိဇောတဓရ" ဦးလှထွန်း "လူမှုထူးချွန်" (စံချိန်မှီ)နှင့်ဇနီး"သုဓမ္မသီဂီ"ဒေါ်ခင်သန်းတို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မနန်းရွှေဇင်လှိုင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးပါသော မဝေသီမြင့်၊ မင်္ဂလာစိန်လက်စွပ်ကိုင်ဆောင်ပေးသော မဆုမွန်သင်း၊ သတို့သားအရံ ဗိုလ်ကြီးထွန်းထွန်းဦး၊ ဗိုလ်ကြီးအောင်ကိုကိုမင်း၊ သတို့သမီးအရံ ဒေါက်တာငြိမ်းအိဖြူ၊ မငြိမ်းငြိမ်းစံတို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံဒီဇိုင်နာယုံးယုံး၊ မင်္ဂလာအခမ်းအနားမှူး ဦးရန်ပိုင်စိုး၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးသော ဟေမာနေဝင်း၊ မိတ်ကပ် အောင်ကျော်ထွန်းအဖွဲ့၊ ပန်းအလှဆင် ကျော်ထက်သူ၊ ဗီဒီယိုမှတ်တမ်းတင် အေးဇော်မိုး(စက်မှု)အဖွဲ့၊ မင်းမင်းဟန်(ရွှေအိမ်သည်)အဖွဲ့၊ မောင်မြင့်သန်း(ခရေဦး)အဖွဲ့၊ ဓာတ်ပုံမှတ်တမ်းတင် အင်းယားလေး(ခရေဖူး)အဖွဲ့၊ အေးဇော်မိုး(စက်မှု)၊ အင်ပါယာတေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ အဘက်ဘက်မှကူညီပေးကြသူများအားလည်းကောင်း၊၂၇-၄-၂၀၀၉ရက်(တနင်္လာနေ့) Western Park Royal ကန်တော်ကြီး မင်္ဂလာညစာစားပွဲတွင် ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယပါမောက္ခချုပ်(ငြိမ်း) စက်မှုတက္ကသိုလ် ဒေါက်တာဦးဘမြင့်နှင့်ဇနီးဒေါ်ခင်မေသွင်၊ မင်္ဂလာအခမ်းအနားမှူး လဲ့လဲ့ဝင်းအား လည်းကောင်း၊ မိတ်ကပ်အောင်အောင်နှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံဒီဇိုင်နာယုံးယုံး၊ မပုံ့(My Favourite)၊ Memory ဗီဒီယိုမှတ်တမ်းတင်ဓာတ်ပုံ ဦးမောင်မောင်ညွှက်နှင့်အဖွဲ့၊ အင်းယားလေး(ခရေဖူး)၊ အောင်မိုးကျော်၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ ရပ်ဝေးရပ်နီး မိတ်သင်္ဂဟများနှင့် နိုက်တင်ဂေးလ်တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ Western Park Royal ကန်တော်ကြီးမန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူ အားလုံးအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးသန့်ဇင်ကျော်-မမိုးသီရိအေး။

စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားမင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

နေပြည်တော်နေ
ဦးစိုးသာ (ဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)-ဒေါ်ကြူကြူဝင်း [ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန]တို့၏သား

မောင်အောင်စိုးသာ
B. Econ (Economics)

နှင့်

ရန်ကုန်မြို့နေ
ဦးရွှေကြိုင် (ဥက္ကဋ္ဌ၊ ဝါဝါဝင်းဆောက်လုပ်ရေး)-ဒေါ်မြင့်မြင့်သိန်းတို့၏သမီး

မခိုင်ပြည့်စုံကြိုင်
Bachelor of Business Administration

တို့၏ ၂-၅-၂၀၀၉ ရက် (စနေနေ့) နံနက်တွင် Sedona Hotel ၌ စုလျားရစ်ပတ် လက်ထပ် ထိမ်းမြားပေးခဲ့ပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ဒုတိယ တရားသူကြီးချုပ် ဦးသိန်းစိုး၊ အသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးသော မစမ်းသီတာစိုးနှင့် မဝါဝင်းကြိုင်၊ ကြွရောက်ချီးမြှင့်ကြသော နှစ်ဖက်သောဆွေမျိုး မိတ်သင်္ဂဟများနှင့် မင်္ဂလာပန်းကြဲပေးသော မစံသာရတနာနှင့်မလုလု၊ သတို့သားအရံ မောင်ဝေယံမိုးမြင့်နှင့် မောင်လွင်မောင်မောင်၊ သတို့သမီးအရံ မငြိမ်းမွန်ရီနှင့် မချမ်းမွန်ရီ၊ လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော ကာတီးယားစိန်တိုက်၊ မင်္ဂလာအခမ်းအနားမှူး ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မင်္ဂလာတေးသံများဖြင့် ဖျော်ဖြေပေးသော (စန္ဒရားသိန်းမြင့်သန်းတူရိယာအဖွဲ့) အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးနှင့် ရတုသီဆိုပေးသော တေးသံရှင် ဒေါ်ရီရီသန့် အားလည်းကောင်း၊ ၂-၅-၂၀၀၉ရက် (စနေ့နေ့)ညနေခင်းတွင် Sedona Hotel ၌ ကျင်းပပြီးစီးသော မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် ကြွရောက်၍ မင်္ဂလာအောင်စံပယ် ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီးဒေါ်ခင်သက်ဌေး၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့် ကြပါသော ကာကွယ်ရေးဝန်ကြီးဌာနမှတပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ ကိုယ်တိုင် တက်ရောက် မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား လည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မစံသာရတနာ၊ မင်္ဂလာစံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးသော မခိုင်ခိုင်စုနှင့် မလုလု၊ သတို့သားအရံ မောင်ဝေယံမိုးမြင့်နှင့် မောင်လွင်မောင်မောင်၊ သတို့သမီးအရံ မငြိမ်းမွန်ရီနှင့် မချမ်းမွန်ရီ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ လက်ဝတ်ရတနာဆင်မြန်းပေးပါသော May & Mark အားလည်းကောင်း၊ မင်္ဂလာတေးသံသာများဖြင့်ဖျော်ဖြေပေးသော ဒေါ်ရီရီသန့် (မြန်မာသံစဉ်တေးဂီတအဖွဲ့)အားလည်းကောင်း၊ စုလျားရစ်ပတ် လက်ထပ်ထိမ်းမြား မင်္ဂလာနှင့် မင်္ဂလာညှော်ပွဲတွင် ပန်းအလှပြင်ပေးသော မနီလာ(Eternal Flower)နှင့်အဖွဲ့အား လည်းကောင်း၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးသော ကိုဝဏ္ဏခွာနီးနှင့် အဖွဲ့အား လည်းကောင်း၊ မိတ်ကပ်နှင့် ဆံပင်အလှဖန်တီးရှင် စိုးစိုးနှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံများဖန်တီးပေးသော မမဠူ၊ မင်္ဂလာဖိတ်စာများကို ပုံနှိပ်ပေးသော Dagon ပုံနှိပ်တိုက် အားလည်းကောင်း၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအား လည်းကောင်း၊ မင်္ဂလာအခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်း ကူညီပေးကြပါသော ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်စိုးသာ-မခိုင်ပြည့်စုံကြိုင်။

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဆင်းပွဲ သဃ်္ဃန်းကျွန်းမြို့နယ်တွင် ကျင်းပ

ရန်ကုန် မေ ၂

ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (သင်္ဃန်းကျွန်း)နှင့် သင်္ဃန်းကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်းကာ မြို့နယ်အတွင်း ဖွင့်လှစ်ပြီးသော ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များတွင် ကျွမ်းကျင်သော စာကြည့်တိုက်မှူးများ တိုးပွားရန်ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သော စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း ၁/၂၀၀၉ဆင်းပွဲကို ယနေ့ညနေ ၃နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

သင်တန်းဆင်းပွဲသို့ ရန်ကုန် အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းခင်နှင့် မြို့နယ်ဦးစီးမှူးများ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်လွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာဆရာမများ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုဆုချီးမြှင့်

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လွင်က သင်တန်းဆင်းအမှာ စကားပြောကြားပြီး သင်တန်းတွင် ထူးချွန်သူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ကာ **(အောက်ပုံ)**အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(ခရိုင် ပြန်/ဆက်)

ပင်လုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်း၍ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ပင်လုံ-ပန်ဟူး ကျေးလက်လမ်းပေါ်ရှိ ကျောက်ရိုးစီခုံးတံတား တည်ဆောက်မှုကို မြို့တာဝန်ခံ ဦးစီးအရာရှိ ဦးသောင်းထွန်းဇော်နှင့် တာဝန်ခံအင်ဂျင်နီယာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးထွန်းမင်းသိန်းတို့ ကွင်းဆင်းကြပ်မတ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ရွှေဘိုမြို့ စည်ပင်သာယာဈေး သမဝါယမအသင်း အရပ်ရပ်ဆိုင်ရာစည်းဝေး

ရွှေဘို မေ ၂၇

စည်ပင်သာယာဈေး သမဝါယမအသင်းလီမိတက် အရပ်ရပ်ဆိုင်ရာအစည်းအဝေး ၂၀၀၈-၂၀၀၉ အခမ်းအနားကို ရွှေဘိုမြို့ ရွှေနိုင်ငံခန်းမ၌ ဧပြီ ၁၁ရက် နံနက် ၁၁နာရီက ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် သဘာပတိအဖြစ် စည်ပင်သာယာဈေး သမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဦးသန်းမြင့်၊ မြို့နယ် သမဦးစီးဌာနဦးစီးအရာရှိ ဦးအောင်နိုင်ထွား၊ စည်ပင်သာယာဈေးအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးသိန်းလွင်နှင့် အမှတ်(၄)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိန်နှင်းတို့က အမှာစကားပြောကြားကြသည်။

လှူဒါန်း

ထို့နောက် အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းများကို ဦးတင်ထွန်းအောင် က ဖတ်ကြား၍ ၂၀၀၈-၂၀၀၉ခုနှစ် နှစ်ချုပ်စာရင်းကို မြို့နယ် သမဦးစီးဌာနမှ ဦးစိုးသိန်းက ဖတ်ကြားပြီး မြို့နယ် သမဝါယမ ဦးစီးအရာရှိ ဦးအောင်နိုင်ထွားက စည်ပင်ဈေးသမအသင်း လီမိတက်မှ မြို့နယ် လူမှုကူညီရေး အသင်းအဖွဲ့သို့ လိုအပ်သည်များ အသုံးပြုရန်အတွက် အလှူငွေကျပ် ၁၅၀၀၀၀ ကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ စည်ပင်သာယာဈေး သမဝါယမအသင်းလီမိတက်မှ အသင်းသားများ၏ သားသမီးများအား ပညာရည်ချွန်ဆုများ ပေးအပ်ကာ အသင်း၏အစုအပေါ် အကျိုးဝေစု ကျပ် ၁၂၂၅၀၀၀၀ကျော်ကို အသင်းသား ၅၉၄ဦးတို့အား ၂၀၀၈-၂၀၀၉ခုနှစ်အတွက် ပြန်လည်ထုတ်ပေးသည်။ (ခရိုင် ပြန်/ဆက်)

မြို့နယ် သတင်းများ

တနိုင်း၌ အခြေခံစစ်ပညာနှင့် မီးသတ်သင်တန်းဖွင့်

တနိုင်း မေ ၁၀

ကချင်ပြည်နယ် တနိုင်းမြို့နယ်၌ အခြေခံစစ်ပညာနှင့် မီးသတ်သင်တန်း အမှတ်စဉ် (၁/၂၀၀၉)ဖွင့်ပွဲအခမ်းအနားကို မတ်၂၃ရက် နံနက်၉နာရီက နယ်မြေခံတပ်နယ် စစ်ရေးပြကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင်မောင်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် အကျိုးကျေးဇူးများကို အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး တင်မောင်ဝင်းနှင့် အရာရှိများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေထွန်းအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အရန် မီးသတ်တပ်ခွဲမှူး ဦးပါရာကတ်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။ (မြို့နယ် ပြန်/ဆက်)

ကျောက်တော်မြို့နယ် အပေါက်ဝကျေးရွာ စံပြစာကြည့်တိုက် ပန္နက်တင်ပွဲ ကျင်းပ

ကျောက်တော် ဧပြီ ၁၀

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးလှမောင်ရွှေက စာကြည့်တိုက်ဆောက်ရန်လှူဒါန်းထားသော ငွေကျပ်သိန်း၃၀တန် ကျေးရွာစံပြစာကြည့်တိုက်ကို ကျောက်တော်မြို့နယ် အပေါက်ဝကျေးရွာ၌ မတ် ၈ရက် နံနက်က ပန္နက်တင်မင်္ဂလာပွဲ အခမ်းအနား ကျင်းပရာ အခမ်းအနားသို့ မြို့နယ်ရဲတပ်ဖွဲ့မှူးသန်းထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် စာကြည့်တိုက်ကော်မတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းထွန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးသိန်းမောင်နှင့် ရပ်မိရပ်ဖများက သတ်မှတ်နေရာအသီးသီးတွင် နေရာယူကာ စိုက်ထူခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

မန္တလေးတိုင်း မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့သာဈေးအတွင်း ယင်လုံဆန်ခါဖြင့် သားငါးရောင်းချမှုအခြေအနေကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းဗိုလ် ကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အဘိုးအဘွားများအား ပူဇော်ကန်တော့

နေပြည်တော်ပျဉ်းမနား ဧပြီ ၂၆

နေပြည်တော် ပျဉ်းမနား တောင်သာကျေးရွာအုပ်စု ဌကြားရပ်ကွက်တွင် ဧပြီ ၁၇ရက် နံနက်ပိုင်းက (၃၈)ကြိမ်မြောက် အန္တရာယ်ကင်းပရိတ်တရားရွတ်ဖတ်ခြင်း၊ သက်ကြီးရွယ်အိုများအား ပူဇော်ကန်တော့ကြခြင်း အခမ်းအနားကို ကျင်းပရာ ဦးကြည်ဝင်းနှင့် ဦးမောင်မြင့်တို့က ကျင်းပရခြင်းများကို ရှင်းလင်းပြောကြားပြီး ရပ်ကွက်သူ ရပ်ကွက်သားများက အဘိုးအဘွား ၂၀တို့အား ပူဇော်ကန်တော့ငွေ ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။ (အပေါ်ပုံ) (ဝ၈၄)

ဧပြီ၁၀ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်၌ ကျေးရွာများအတွင်း တစ်အိမ်ထောင်ကျွန်းသုံးပင်၊ယူကလစ်ပင်၂၀နှင့် ကျေးရွာတစ်ရွာ တစ်ဧက စိုက်ပျိုးရေး သင်တန်းကို မြို့နယ် အေးချမ်းသာ ယာ ရေး နှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ ရပ်ကွက် ကျေးရွာ

ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား စနစ်တကျ သစ်ပင်စိုက်ပျိုးနည်းကို သစ်တောဦးစီးမှူး ဦးမျိုးနိုင်က သရုပ်ဖော်စိုက်ပျိုးပြသရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေဒိုး ကြည့်ရှုစစ်ဆေးစဉ်။ (၁၈၃)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)
ရန်ကုန်အဝေးသင်တက္ကသိုလ်
e-Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်
(တနင်္လာမှသောကြာ) နံနက် ၈ နာရီမှ ၁၀ နာရီအထိ
(စနေ၊ တနင်္ဂနွေ) နံနက် ၈ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိ

၄-၅-၂၀၀၉ (တနင်္လာနေ့)
- ☐ အမျိုးနှင့် အမျိုးစောင့်တရား
  - ပထမနှစ် အထူးပြုအားလုံး၊ နေ့ကျောင်းသား ကျောင်းသူများ
- ☐ ပုဂံခေတ် လူ့အဖွဲ့အစည်း
  - တတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ

၅-၅-၂၀၀၉ (အင်္ဂါနေ့)
- ☐ Translation Studies
  - မဟာဝိဇ္ဇာအရည်အချင်းစစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Psycholinguistics
  - ဒုတိယနှစ် မဟာဝိဇ္ဇာ အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ

၆-၅-၂၀၀၉ (ဗုဒ္ဓဟူးနေ့)
- ☐ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဥပဒေနှင့် လက်တွေ့ဆောင်ရွက်မှုများ
  - အများပြည်သူများ
- ☐ တည်ဆဲမြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေအရ ကုမ္ပဏီများ ဖွဲ့စည်းခြင်း
  - တတိယနှစ် ဥပဒေအထူးပြု အဝေးသင်တက္ကသိုလ် ကျောင်းသား ကျောင်းသူများ

၇-၅-၂၀၀၉ (ကြာသပတေးနေ့)
- ☐ Soaps and Detergents (Soaps)
  - တတိယနှစ် ကုန်ထုတ်ဓာတုဗေဒ/ဓာတုဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ၊ အများပြည်သူများ
- ☐ Soaps and Detergents (Detergents)
  - တတိယနှစ် ကုန်ထုတ်ဓာတုဗေဒ/ဓာတုဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ၊ အများပြည်သူများ

၉-၅-၂၀၀၉ (စနေနေ့)
- ☐ History of Biology
  - ဒုတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Transfer of Immoveable Property
  - ဒုတိယနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Survey of Plant Kingdom II BRYOPHYTES
  - ဒုတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Interacting with others
  - ဒုတိယနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Learning
  - ဒုတိယနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Phonetics
  - ဒုတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Void Agreements
  - ဒုတိယနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ

၁၀-၅-၂၀၀၉ (တနင်္ဂနွေနေ့)
- ☐ Finance Mathematics I
  - ဒုတိယနှစ် သင်္ချာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Isomerism
  - ဒုတိယနှစ် ဓာတုဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ မြန်မာစာပေမှ တွေ့ရှိရသော မြန်မာမှုဆိုင်ရာ မြန်မာအမျိုးသမီးရေးရာ
  - ဒုတိယနှစ် မြန်မာမှုပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ ဗုဒ္ဓ၏ နောက်ဆုံးဖြစ်ရပ်များ
  - ဒုတိယနှစ် အရှေ့တိုင်းပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ The Kingdom of Mrauk-U
  - ဒုတိယနှစ် သမိုင်းအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Trees and Erosion(2)
  - ဒုတိယနှစ် အင်္ဂလိပ်စာအထူးပြုကျောင်းသား ကျောင်းသူများ
- ☐ Obelia Comparison of Polyp and Medusa
  - ဒုတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

SANTINO Cafe, Bakery, Bar & Restaurant

Breakfast | Western Food | Hot Drink | Special Order & Reservation
Lunch | Thai Food | Cold Drink | Biriani
Dinner | Chinese Food | Wine | Butter rice
Japanese Food | Cocktail | Buffet Party
Myanmar Food

May ... 10% Discount ...

OPENING DATE 9-5-2009 Saturday

Yangon : No. 18/A-1, Bo Yar Nyunt Street, Dagon Township, Yangon. ☎ : 01-387880
Nay Pyi Taw : No. 10, Thapay Gone Market, Hill Top Restaurant, Nay Pyi Taw.

ပလ
ငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ပသ/၁၉၇၆၉ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးကြည်သိန်း ၁၄/ပသန(နိုင်)၁၃၆၆၃၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကညန၊ တိုင်းရုံး(ပုသိမ်မြို့)။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်မမ/၈၃၇၂ Honda Wave မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဒေါ်မာလာထွန်း ၆/ထဝန(နိုင်)၀၅၀၁၅၆က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ တိုင်းဦးစီးမှူးရုံး(မြိတ်)။

မီးအစဉ် သတိပြု

[illegible]

[illegible]

ဗဟန်းမြို့နယ် ဆရာစံလမ်းမကြီး ခြံအမှတ် ၆၈ နေ ဖခင် ဦးစိုးလှိုင်၊ အစ်ကိုကြီး ဦးငွေးလှိုင်တို့အား ရည်စူး၍ မိခင်ကြီး ဒေါ်ကြည်ကြည်လှိုင်အား အမှူးထားကာ ဒေါက်တာဒေါ်မီမီလှိုင်၊ ဒေါက်တာဦးမျိုးလှိုင်၊ ဒေါ်ခင်မာလှိုင်၊ ဦးဇော်မြင့်လှိုင်၊ ဒေါက်တာ ဒေါ်နီနီလှိုင်၊ ဒေါက်တာဦးကြည်ဝင်းလှိုင် မိသားစုများက ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်းအတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌကိုယ်စား အုပ်ချုပ်ရေးမှူး ဦးပြုံးနှင့် လက်ထောက်အုပ်ချုပ်ရေးမှူး ဦးသီဟဇော်တို့က လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

ဆောမြို့ ပညာခေတ်စာကြည့်တိုက်သို့ စာအုပ်များ ပေးအပ်လှူဒါန်း

ဂန့်ဂေါ မေ ၁၀

ဂန့်ဂေါခရိုင် ဆောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ မတ် ၁၅ ရက်က ခူးချောင်းကျေးရွာ ပညာခေတ်စာကြည့်တိုက်သို့ စာအုပ်များပေးအပ်လှူဒါန်းပွဲ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မြို့နယ်စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းက အညာကတင်းကျေးရွာအုပ်စု ခူးချောင်းရွာဥက္ကဋ္ဌအား စေတနာရှင်များလှူဒါန်းသည့် မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံ ၁၂၂အုပ်ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ (ဝ၇၁)

ဧရာဝတီတိုင်း ကျိုက်လတ်မြို့ မြို့မဈေးကြီး သန့်ရှင်းရေးအတွက် ဈေးသည်များ စည်းကမ်းတကျ ရောင်းချရေးနှင့်မီးဘေးလုံခြုံရေးတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင် ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

တောင်တွင်းကြီးမြို့နယ်၌ စာကြည့်တိုက် အဆောက်အအုံများဖွင့်

တောင်တွင်းကြီး မေ ၁၀

တောင်တွင်းကြီးမြို့နယ် သစ်ရာအုပ်စု၌ အုပ်စုလုံးကျွတ် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၉ ရက် နံနက် ၉ နာရီက သစ်ရာအုပ်စု လယ်ပြင်သာကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် အုပ်စုဥက္ကဋ္ဌ ဦးညိုပြားက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးဇော်ဋ္ဌေးအောင်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးကို ရှင်းလင်းဆွေးနွေးကာ အလှူရှင် ၂၀ တို့က ငွေကျပ်နှစ်သိန်းခန့်တန်ဖိုးရှိ သုတရသ၊ မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံ အုပ် ၇၂၀ ကို ပေးအပ်ပြီးသစ်ရာအုပ်စု လယ်ပြင်သာ ကျေးရွာ ပွင့်လင်းစာကြည့်တိုက်နှင့်ဥသျှစ်ကုန်းကျေးရွာ ရိုးမရောင်ခြည်စာကြည့်တိုက် အဆောက်အအုံသစ်များကို မြို့နယ်ဦးစီးမှူး ဦးဇော်ဋ္ဌေးအောင်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးညိုပြားတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အလားတူ တည်တော(၁)အုပ်စု ပရပ်ကြယ်ကျေးရွာ ရွှေပျိုးခင်းစာကြည့်တိုက်၊ ဝါးရုံငုတ်ကျေးရွာ ဝါးရုံရိပ်စာကြည့်တိုက်၊ အောင်မြင်ကုန်းကျေးရွာ အောင်မြင်ကုန်းစာကြည့်တိုက်နှင့် ကုန်းတန်းကျေးရွာ ပျိုးခင်းသစ်စာကြည့်တိုက် အဆောက်အအုံသစ်များကို မေ ၇ ရက်က မြို့နယ်ဦးစီးမှူး ဦးဇော်ဋ္ဌေးအောင်နှင့်အုပ်စုဥက္ကဋ္ဌ ဦးရဲညွန့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျိုင်းတုံမြို့ ဘိုးဘွားရိပ်သာရှိ တိုင်းရင်းသားအဘိုးအဘွားများ၏ အာဟာရရန်ပုံငွေအတွက် မိဘများအားရည်စူး၍ ကန်နားလုံရွာမှ ဦးစိုင်းလုံ၊ ဦးစိုင်းထွန်းနှင့်ဦးစိုင်းငယ်ညီအစ်ကိုတစ်စုက အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ရှမ်းတိုင်းရင်းသား အဘိုး ဦးစိုင်းတစ် လက်ခံယူစဉ်။ (ဘိုးဘွားရိပ်သာ)

ဗန်းမော်ပြည်သူ့ဆေးရုံ၌ စုပေါင်းသန့်ရှင်း

ဗန်းမော် မေ ၁၀

ဗန်းမော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ဗန်းမော်မြို့ ခုတင် ၂၀၀ ဆေးရုံကြီးတွင် ဧပြီ ၂၉ ရက် နံနက် ၇ နာရီက နယ်မြေခံတပ်နယ်မှ မိသားစုများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ သူနာပြုသင်တန်းကျောင်းသူများ၊ မြို့ပေါ်ရပ်ကွက်မှ ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဆေးရုံဝန်ထမ်းများ စုပေါင်း၍ ခွဲတ်ခွဲ၊ ခွဲတ်မှန်ဆောင်၊ ခွဲစိတ်ဆောင်နှင့် ကုသဆောင်တို့တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြို့နယ် သတင်းများ

ကျေးလက်ရေပေးရေး ဆိပ်ဖြူ၌ ဆောင်ရွက်

ဆိပ်ဖြူ မေ ၁၀

ဆိပ်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် ကျေးလက်ရေပေးရေး ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းဖြစ်သည့် စိန်ပန်းကုန်းကျေးရွာ စက်ရေတွင်းပြုပြင်ခြင်းနှင့် ရေစက်ရုံတည်ဆောက်ခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂)ဦးကျော်မင်းထွန်း တာဝန်ယူဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၇ရက်က အမှုဆောင်အရာရှိ ဦးအောင်ဆွေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်အောင်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မှုခင်းသတင်း: စကားများရန်ဖြစ်ပြီး ဓားနှင့်ထိုးသဖြင့် သေဆုံးမှု သာစည်တွင်ဖြစ်ပွား

မိတ္ထီလာ မေ ၁၀

အရက်အတူသောက်ရာမှ စကားများရန်ဖြစ်ပြီး ဓားနှင့်ထိုးသဖြင့် သေဆုံးရမှု မတ် ၂၂ရက်က သာစည်မြို့နယ်တွင် ဖြစ်ပွားသည်။

ဖြစ်ပွားပုံမှာ မိတ္ထီလာခရိုင် သာစည်မြို့အမှတ်(၄)ရပ်ကွက်တွင် မတ်၂၂ ရက် ည ၁၀နာရီက မိုးဇော်အိမ်ရှေ့၌ အိမ်ရှင် မိုးဇော်နှင့် အမှတ်(၁)ရပ်ကွက်နေ ကျော်မိုးအောင်တို့သည် အရက်အတူသောက်ရာမှ စကားများရန်ဖြစ်ပြီး မိုးဇော်က ကျော်မိုးအောင် (၃၂နှစ်)အား စတီးလ်ဓားချွန်ဖြင့်ထိုးရာ ကျော်မိုးအောင်မှာ နဖူး၊ ရင်ညွန့်၊ ပခုံးနှင့် ဝဲဘက်လက်တွင်း ဓားဒဏ်ရာများရရှိပြီး သေဆုံးသွားရာ မိုးဇော်မှာ ထွက်ပြေးသွားပြီး ကျော်မိုးအောင်၏ဇနီး မတင်မမက တရားလိုပြုလုပ်၍ သာစည်ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားရာ ရဲစခန်းမှ ပုဒ်မ ၃၀၂ ဖြင့် အရေးယူထားကြောင်း သိရသည်။ တရားခံမိုးဇော်အား ဖမ်းဆီးရမိရေးအတွက် သာစည်ရဲစခန်းမှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၀၈၆)

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဘဝပန်း ပွင့်လန်းမွှေးကြိုင်စေသော ချင်းပြည်နယ် ဖလမ်းမြို့မှ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ခရီးတစ်ခေါက်

ဖလမ်းမြို့နယ်၏ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းရှိ ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာ ပင်မဆောင်ကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

သတင်းခရီးသည် - မျိုးမင်းသိန်း (မရမ်းကုန်း)
ဓာတ်ပုံမှတ်တမ်း - လေးနွယ် (မင်္ဂလာဒုံ)
စာမျက်နှာဖွဲ့စည်းမှု - သောင်းရွှေ (မြန်မာ့အလင်း)

ရန်ကုန် မေ ၂

ချင်းပြည်နယ် ဖလမ်းခရိုင် ဖလမ်းမြို့....။ အေးချမ်းတည်ငြိမ်လှသော ဖလမ်းမြို့ကား ယခင်ကနှင့်မတူတော့ပြီ။ စနစ်တကျ တည်ဆောက်ထားသော နေအိမ်အဆောက်အအုံများနှင့် စည်ကားဖွံ့ဖြိုးနေပေပြီ။ နိုင်ငံတော်က လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် ဖောက်လုပ်ပေးခဲ့သဖြင့် အချိန်တိုအတွင်း ဖွံ့ဖြိုးတိုးတက်လာခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

Myanmar ICT Exhibition 2009 ပြပွဲလာပြည်သူများဖြင့် ပြည့်ကျပ်စည်ကားနေ

သတင်းမှတ်စု - မောင်မောင်မြင့်ဆွေ ❖ ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို (မြန်မာ့အလင်း)

ရန်ကုန် မေ ၂

ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသနေသည့် "Myanmar ICT Exhibition 2009" ဒုတိယမြောက်နေ့။ ပြပွဲကျင်းပနေသည့် တပ်မတော်ခန်းမအတွင်း၌ အိုင်တီကိုစိတ်ဝင်စားသော ပရိသတ်များဖြင့် ပြည့်လျှံနေသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ■

ပျော်ရွှင်စရာ အစီအစဉ်များဖြင့် လူငယ်များ စိတ်ဝင်စားသော MSi ပြခန်းကလည်း ဤသို့...။ (မြန်မာ့အလင်း)

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

အကျက်လွန်အောင် ကြော်ချက်ထားသည့် အသားများ ကင်ဆာရောဂါဖြစ်ပွားရန် တွန်းအားပေးနိုင်

အကျက်လွန်အောင် ကြော်ချက်ထားသော အသားဟင်းလျာများကို စားသုံးခြင်းသည် အစာအိမ်ကင်ဆာနှင့် ပန်ကရိယကင်ဆာများ ဖြစ်ပွားစေကြောင်း အမေရိကန်သုတေသနပညာရှင်များက သတိပေးလိုက်သည်။

အကျိုးပြု

အချိန်ကြာမြင့်စွာ ကြော်ပြီးချက်ထားသည့် အသားများသည် အကျိုးပြုအာဟာရဓာတ်များ ပျက်စီးကာ ကင်ဆာဖြစ်ပွားစေနိုင်သော ဆဲလ်များဖြစ်ပွားစေရန် တွန်းအားပေးကြောင်း ၎င်းတို့က ဆက်လက် ပြောကြားသည်။

အစာဆိပ်

အသားများတွင် ပါဝင်သော အကျိုးပြုဓာတ်များသည် သတ်မှတ်

စာမျက်နှာ ၃ ကော်လံ ၁ ●

အချိန်အခါမဟုတ် မိုးရွာမည့် သတိပေးချက်

နေပြည်တော် မေ ၂

ယနေ့မြန်မာစံတော်ချိန် နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်များအရ မြန်မာနိုင်ငံဘက်ဆီသို့ အနောက်မြောက်ဘက်မှ ရွေ့လျားလာသော တိမ်တိုက်ကြောင့် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ မိုးရွာစဉ် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ မိုးသက်လေပြင်းများ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မြန်မာ - ဂျပန် စိန်ခေါ်ပွဲ ပထမနေ့ပွဲတွင် တွေ့မရှောင်က ခရေဇီဟေးလ်ကို အနိုင်ရ ကြယ်လင်းအောင်နှင့် ကူရီနိုင်းတိုရှီယာတို့ သရေကျ

ယနေ့လုံးချောနှင့် ဆာမူကာဝါ၊ စောငမန်းနှင့် ဂျင်ကာဝါတို့ ယှဉ်ကြမည်

သတင်းမြင်ကွင်း - ဇင်လင်းထွန်း (နေပြည်တော်)
ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း (မြန်မာ့အလင်း)

ရန်ကုန် မေ ၂

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၊ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်တို့ကကြီးမှူး၍ ထက်လင်းအကြောပြေဒဏ်ကျေလိမ်းဆေးတိုက်၏ အဓိကကူညီပံ့ပိုးမှုဖြင့် H & S Group မှ ဦးစိုးဇော်ဇော် (ဇော်ပစ်တိုင်းထောင်ဗီဒီယို) တာဝန်ယူစီစဉ်သည့် **"မြန်မာ-ဂျပန် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး"** (Goodwill Letwhay Competition) ပထမနေ့ပွဲစဉ်များကို

စာမျက်နှာ ၁၀ ကော်လံ ၁ ❒

ကြယ်လင်းအောင်(မြန်မာ)နှင့် ကူရီနိုင်းတိုရှီယာ(ဂျပန်)တို့ သူတစ်ပြန် ကိုယ်တစ်ပြန် ထိမိထားစဉ်။ (မြန်မာ့အလင်း)